# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက် ၊ သောကြာနေ့ ၊ (7-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ် ၇၀ ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော်  နိုဝင်ဘာ  ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ် ၇၀ ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**


ယနေ့ကျရောက်သည့် နှစ် ၇၀ ပြည့် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏နေရာဒေသအသီးသီးတွင် ယှဉ်တွဲစုပေါင်း၍ စည်းလုံးညီညွတ်စွာနေထိုင်လာခဲ့သည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာသက်သေပြလျက်ရှိပါသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

## တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ် ဖြတ်ကျော်နိုင်

Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း“ခန့်မေဂီ” (KALMAEGI) လမ်းကြောင်းပြပုံ



နေပြည်တော်  နိုဝင်ဘာ  ၆

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ”(KALMAEGI) သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ကွီညန်းမြို့၏အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဒါနန်းမြို့၏တောင်ဘက် ကွီညန်းမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်ဒေသတို့ကို အားကောင်းသောအပူပိုင်းမုန်တိုင်း “ခန့်မေဂီ” အဖြစ်ဖြင့် ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး**

စာမျက်နှာ - ၁၈

**ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ဧက ၆၀၈၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်**

စာမျက်နှာ - ၂၅




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

## ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့်နိုဗိုစီဗစ်ဒေသတို့ကြား ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် ယဉ်ကျေးမှု၊ ပညာရေးနှင့်ကဏ္ဍပေါင်းစုံ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး ခိုင်မြဲသည့်သံတမန်ဆက်ဆံမှုကို တည်ဆောက်ခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့်ရုရှားနိုင်ငံ ကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကိုလည်း တည်ဆောက်ထားပြီးဖြစ်ပေသည်။ ယခုအခါ နိုဗိုစီဗစ်နှင့်မြန်မာအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ဘက်တွင် တည်ရှိနေသည့် ဒေသကြီးတစ်ခုလုံးမှာ ဆိုက်ဘေးရီးယားဒေသဖြစ်ပြီး ဆိုက်ဘေးရီးယားတွင် အရေးအပါဆုံးမြို့၊ အရေးအပါဆုံးဒေသမှာ နိုဗိုစီဗစ်ဖြစ်သည်။ သိပ္ပံနှင့်စက်မှု၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် မော်စကိုနှင့် စိန့်ပီတာစဘတ်ပြီးလျှင် နိုဗိုစီဗစ်သည် တတိယမြောက်နေရာတွင် ရှိနေသည်။

နိုင်ငံတော်အကြီးအကဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယခုနှစ် မတ်လအတွင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာ အဆိုပါခရီးစဉ်အတွင်း နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov နှင့်လည်း တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးမှုတွင် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မန္တလေးနှင့်နိုဗိုစီဗစ်တို့ကို ညီအစ်မမြို့များအဖြစ် ဆောင်ရွက်မည်ဆိုပါ က ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွား၊ စက်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ ရုရှားဖက်ဒရေးနိုင်ငံ နိုဗိုစီဗစ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံသည်။ ထို့နောက် မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ကို လေ့လာကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ နိုဝင်ဘာ ၃ ရက်တွင် Naypyidaw State Academy သို့ သွားရောက်လေ့လာခဲ့ကြသည်။

နိုဝင်ဘာ ၄ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E. Andrey Aleksandrovich Travanikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးစသည်တို့အပြင် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့၍ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့်နိုဗိုစီဗစ်ဒေသအပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ယခုခရီးစဉ်သည် မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည့်ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေခဲ့သော အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အင်းတော် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေ စိုက်ပျိုးထားပါတယ်။စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကိုGAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။ (၂၀၆)

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၅၁
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲတွင် နှစ်နှစ်ဆက်တိုက် ပထမဆုရရှိသည့် အမရရွှေပြည်ရက်ကန်းစင်အသင်းအား ဂုဏ်ပြုပွဲကျင်းပ




**မန္တလေး နိုဝင်ဘာ ၆**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲတွင် နှစ်နှစ်ဆက်တိုက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရရွှေပြည်ရက်ကန်းစင်အသင်း ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုလို ပထမဆု နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိသည့်အပေါ် များစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ရက်လုပ်ပူဇော်သည့် အသင်းဝင်တစ်ဦးတစ်ယောက်ချင်းမှ အဖွဲ့လိုက် စည်းလုံးညီညွတ်မှုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ခဲ့မှု၏ ရလဒ်ကောင်းများဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ ဆက်လက်ရှင်သန်နေအောင် လက်ဆင့်ကမ်းယူဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်သွားရင်း ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အမရရွှေပြည်ရက်ကန်းစင်အသင်းမှ တာဝန်ရှိသူများက ပထမဆုရရှိသည့် ဆုဖလားကို အပ်နှံပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမရရွှေပြည်ရက်ကန်းစင်အသင်း အုပ်ချုပ်သူမှ ဆုရရှိရေး အသင်းသား၊ အသင်းသူများ၏ ကြိုးစားဆောင်ရွက်ခဲ့မှုများနှင့် ပြိုင်ပွဲ အတွေ့အကြုံများပြောကြားပြီး အသင်းကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် ဂုဏ်ပြုညှော်ခံခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးဘူတာကြီးမှ ရွှေကြက်ယက်ဘူတာထိ မီးရထားလမ်းရေိယာဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး စုပေါင်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာ့မီးရထား (အထက်မြန်မာပြည်)မှ တာဝန်ရှိသူများလိုက်ပါပြီး မြန်မာ့မီးရထားမှ RBE ရထားတွဲဖြင့် မန္တလေးဘူတာကြီးမှစတင်၍ ရွှေကြက်ယက်ဘူတာထိ သံလမ်းဝဲ၊ ယာဘေးတစ်လျှောက် မီးရထားလမ်းဧရိယာဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးဘူတာကြီးမှ ၃၅လမ်း ရန်ကြီးအောင်ခုံးကျော်နေရာနှင့် ရန်ကြီးအောင်ဈေး၊ ဆက်လက်၍ ၄၂ လမ်းခုံးကျော်နေရာနှင့် ၄၂ လမ်းဈေး၊ ၎င်းနောက် ရှမ်းစုဘူတာအနီးနှင့် ရှမ်းစုဘူတာ၊ ထိုမှတစ်ဆင့် မြို့ဟောင်းဘူတာအနီး ကံရွာနေရာနှင့် မြို့ဟောင်းဘူတာနေရာများ၊ ရတနာ့ဂူဘူတာ၊ ဆက်လက်၍ ရွှေကြက်ယက်ဘူတာထိ သံလမ်းဝဲယာဘေးတစ်လျှောက် မီးရထားလမ်းဧရိယာဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး မြန်မာ့မီးရထား (အထက်မြန်မာပြည်) မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက လမ်းပိုင်းအလိုက် ဆောင်ရွက်နေမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သံလမ်းဝဲယာဘေးတစ်လျှောက် အမှိုက်များကင်းစင်ရန်နှင့် သန့်ရှင်းသပ်ရပ်ရန်အလေးထားဆောင်ရွက်သွားရေး၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းစေပြီး စနစ်တကျစွန့်ပစ်ရန် အသိပညာပေးခြင်းများ၊ စည်းရုံးဆောင်ရွက်ခြင်းများနှင့် လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အချင်းချင်းပူးပေါင်းချိတ်ဆက်ကာ ထိရောက်စွာဆောင်ရွက်သွားရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရန် လိုအပ်သည့်နေရာများတွင် ရွှေ့လျားအမှိုက်ကန်များ ချထားပေးရေး၊ ဈေးများတွင် ဈေးရောင်းချနေမှုများကို စနစ်တကျဖြစ်စေရေး၊ ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်ခြင်းများ၊ ဈေးရောင်းချခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရေး၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ပံ့ပိုးပေးသည့်အိမ်အမျိုးအစားအလိုက် ဆောက်လုပ်ရေးသုံးပစ္စည်းများကို ရွှေကြက်ယက်ဘူတာတွင် စနစ်တကျနေရာချထားနိုင်ရေး၊ ဆောင်ရွက်ရမည့်အစီအမံများကို စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ဈေးကုန်းရပ်နေ ဦးမောင်မောင်စန်းလွင်-ဒေါ်ခင်အုန်းမြင့်မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျသူနာပြုဒေါ်သူဇာထွန်းက လက်ခံရယူစဉ်။

# ဝမ်းတွင်းမြို့နယ် သဖန်းပင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းပင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဖန်းပင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာလအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သဖန်းပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ယင်းမာပင်ခရိုင်တွင် နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**မုံရွာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၈၄၃၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၁၈၈၄၃၉ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၀၆၄၈ ကေ၊ ကနီမြို့နယ်တွင် ၃၉၁၅၁ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၁၈၅၈၀၊ ပုလဲမြို့နယ်တွင် ကေ ၈၀၀၆၀ စုစုပေါင်း ၁၈၈၄၃၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၂၈၆၀၇ ကေ စိုက်ပျိုးမည်

**ကန်ကြီးထောင့် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၂၈၆၀၇ ကေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၂၈၆၀၇ ကေ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ပဲသီးနှံစုံ ၂၈၆၀၇ ကေတွင် မတ်ပဲ ၂၅၀၈၁ ကေ၊ ပဲတီစိမ်း ၂၀၅၆ ကေ၊ ဗိုလ်ကိတ်ပဲ ကေ ၁၁၇၀၊ ဆီပဲပုတ် ကေ ၃၀၀ စုစုပေါင်း ၂၈၆၀၇ ကေဖြစ်ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲသီးနှံစုံ ၂၈၆၀၇ ကေထိ လျာထားစိုက်ပျိုးသွားမှာပါ။ ပဲသီးနှံတွေ လျာထားတဲ့ကေအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ပဲသီးနှံစုံစိုက်ပျိုးရာတွင် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်တိုးတက်လာစေရေး၊ ဓာတ်မြေဩဇာများ အကျိုးရှိရှိ စနစ်တကျသုံးစွဲတတ်စေရေးစသည့်နည်းပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲသီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲသီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# များပြားလှတဲ့ သားသမီးအမျိုးအစားတွေ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

သူငယ်ချင်းရေ…မကြာခင်က မွေ့ခံထိုက်ကြပါစေ ဆိုပြီး မိဘတွေက သားသမီးတွေကို အမွေပြတ်ကြေညာနေကြတာတွေ၊ သားသမီးအဖြစ်က စွန့်လွှတ်ကြောင်း၊ မွေးစားသားသမီးအဖြစ်က စွန့်လွှတ်ကြောင်းကြေညာနေကြတာတွေနဲ့ပတ်သက်လို့ မင်းက စီရင်ထုံးအကိုးအကားတွေနဲ့ ရှင်းပြရေးပြခဲ့တယ်မဟုတ်လား။

ဟုတ်တယ်လေ ဘာဖြစ်လို့လဲ။

ဒီလိုကွ… အမွေပြတ်ကြေညာကြတာတွေ၊ သားသမီးအဖြစ်က၊ မွေးစားသားသမီးအဖြစ်က စွန့်လွှတ်ကြတာတွေကိုတော့ ရှင်းသွားပါပြီကွာ။

ဒါဆိုရင် ဘာမရှင်းတာကျန်သေးလို့လဲ။

သားသမီးအမျိုးအစား ဘယ်နှမျိုးရှိလဲ၊ အဲဒါတွေကို သိချင်နေကြတယ်ကွာ။

သွန္နတ္တသားအဖြစ် သတ်မှတ်စွန့်လွှတ်ကြောင်း၊ သွန္နတ္တသမီးအဖြစ် သတ်မှတ်စွန့်လွှတ်ကြောင်း၊ မိဘတွေက မကြာခဏကြေညာနေကြတာကို တွေ့တွေ့နေရတယ်ကွ။ ဒီကြားထဲ ဩရသသားဆိုတာတွေလဲ ပါသေးတယ်။ ရှုပ်နေတာပဲကွာ။ သားသမီးတွေကို ဘယ်လိုခွဲခြားထားတာလဲ။ ငါမရှင်းလို့ ပြောပြစမ်းပါကွာ။

မင်းက ငါ့ကို မေးသမျှဖြေဆိုနိုင်တဲ့ ပညာရှိ မဟော်သဓာများထင်နေသလားကွာ။ နေရာတကာတော့ ငါက ဘယ်မှာသိနိုင်ပါ့မလဲကွာ။

ဟော့ကောင် ဈေးကိုင်မနေနဲ့။ မင်းက စာရေးဆရာလဲဖြစ်တယ်၊ မှုခင်းအယ်ဒီတာလဲ လုပ်ခဲ့တယ်ဆိုတော့ သာမန်သူတွေထက် အတွေ့အကြုံက ပိုပြီးသား။ ဗဟုသုတကြွယ်ဝပြီးသား။ ဒါကြောင့် ငါက မသိတာရှိရင် မင်းဆီကို လာမေးနေရတာပါကွာ။

အပိုတွေပြောမနေပါနဲ့ကွာ။ စာရေးဆရာလဲ မင်းတို့လိုပါပဲ။ အယ်ဒီတာလဲ မင်းတို့လိုပါပဲ။ တစ်ခုပဲ ပြောစရာရှိတယ်။ စာဖတ်များတာကတော့ မင်းတို့ထက်သာတယ်ပေါ့ကွာ။ ဘာကြောင့်လဲဆိုရင် တို့အလုပ်နဲ့ တို့ဝါသနာက စာရေးစာဖတ်ရတဲ့ အလုပ်မဟုတ်လား။

သိပါတယ်ကွာ။ စာတိုပေစတွေ အဖတ်များတဲ့အကျိုးကျေးဇူးကြောင့် စာတိုညပ်ဘဝကနေ ဝန်ဇင်း မင်းရာဇာ ပညာရှိအမတ်အဖြစ် သမိုင်းတွင်ရစ်ခဲ့တာ ရာဇဝင်အစဉ်အလာရှိခဲ့တာပဲ။ အဲဒီလိုပဲ မင်းတို့စာရေးဆရာတွေလဲ ဟဲ ဟဲ ဟဲ။

ကဲ ကဲ တော်ပါပြီ လေရှည်မနေနဲ့ မင်းမေးတာကို ငါဖြေပါ့မယ်ကွာ။

အဲဒီလို လိုက်လျောစမ်းပါ သူငယ်ချင်းရာ။

ဒီလိုကွ။ ဩရသ ရဲ့ အဓိပ္ပာယ်က ရင်၌ဖြစ်သော သားသမီးအရင်းကို ခေါ်သည်လို့ ဖွင့်ဆိုထားတယ်ကွ။ ဒါပေမဲ့ ဩရသသားသမီးကို သားသမီးတိုင်း ရပိုင်ခွင့် မရှိဘူးကွ။

ဟေ ဒီလိုဆို ဘယ်လိုသားသမီးက ဩရသ သားသမီးလဲကွ။

ငါရှင်းပြပါ့မယ်ကွာ။ ဩရသသားသမီးအဖြစ် ရပိုင်ခွင့်ရှိသူဟာ–

၁။ တရားဝင်သားသမီးဖြစ်ရမယ်။

၂။ သားရင်းသမီးရင်းဖြစ်ရမယ်။

၃။ သားဖြစ်ရင် အဖေ မကွယ်လွန်မီမှာ၊ သမီးဖြစ်ရင် အမေ မကွယ်လွန်မီမှာ အသက် ၁၈ နှစ် ပြည့်ရမယ်။

၄။ အသက် ၁၈ နှစ်ပြည့်ချိန်မှာ သားသမီးအားလုံးထဲမှာ အကြီးဆုံးဖြစ်ရမယ်။ သားဖြစ်ရင် အဖေရဲ့တာဝန်ဝတ္တရား၊ သမီးဖြစ်ရင် အမေရဲ့တာဝန်ဝတ္တရားတွေကို ကူညီဆောင်ရွက်နိုင်စွမ်းရှိရမယ်။ စိတ်ပေါ့သွပ်သူမဖြစ်စေရဘူး။ ရှင်းရှင်းပြောရရင် အကြီးဆုံးဖြစ်ပြီး အသုံးမကျတဲ့ ကြီးပေါ်လောကြီးမဖြစ်စေရဘူး။

ပဋိညာဉ်ပြုလုပ်ရတယ်။ ဒါကြောင့် ပဋိညာဉ်မပြုလုပ်နိုင်သူ (တစ်နည်းအားဖြင့်) အသက် ၁၈ နှစ်မပြည့်သေးသူတွေနဲ့ စိတ်ရောဂါရှင်တွေဟာ သားသမီးမွေးစားနိုင်ခွင့်မရှိဘူးကွ။ ပြောရမယ်ဆိုရင်တော့ အများကြီးပါပဲကွာ။ မင်းသိအောင် ဆက်ပြောရမယ်ဆိုရင် ကိတ္တိမသားသမီးနဲ့ ဆန့်ကျင်ဘက်က အပဝိဒ္ဓ သားသမီးပဲကွ။

ဟေ အပဝိဒ္ဓ သားသမီးဟုတ်လား။ ငါတော့ ကြားတောင် မကြားဖူးပါဘူးကွာ။ ဆက်ပြောစမ်းပါအုံး သူငယ်ချင်းရာ။

အပဝိဒ္ဓ ဆိုတာ သက္ကဋ္ဌဘာသာ အပဝိဒ္ဓ ပါဠိဘာသာ အပဝိဒ္ဓက ဆင်းသက်လာတာကွ။ အဓိပ္ပာယ်ကတော့ စွန့်လွှတ်ပြီး ဖြစ်တယ်လို့ဆို

**❖ ၁။ ဩရသ - ရင်၌ဖြစ်သောသား၊ ၂။ ကိတ္တိမ -အမွေခံသားအဖြစ် အထင်အရှားမွေးစားသောသား၊ ၃။ အပဝိဒ္ဓ - ကောက်၍မွေးသောသား (ဆရာဇီဝကတို့လိုသားမျိုး)၊ ၄။ ဆာတဘတ္တ - ထမင်းငတ်သည့်အခါ မှီခိုလာသည့်သားမျိုး၊ ၅။ သဟောဓ- ဝယ်၍ရသောသားမျိုး၊ ၆။ ကနိဋ္ဌ - သားငယ်သမီးငယ်များ၊ ၇။ ကီဠိတ - ကစားမြူးထူးရာရသောသားမျိုး၊ ၈။ သွန္နတ္တ - မိဘစကားနားမထောင် ခွေးနှင့်တူသော(မိဘကိုရန်သူကဲ့သို့ ကျင့်သောသား ဟူလို)ဆိုပြီး သားသမီးအမျိုးအစား ရှစ်မျိုးရှိတာကို ရှင်းသွားပါပြီ သူငယ်ချင်းရာ။ ❖**

၅။ သားဖြစ်ရင် အဖေရဲ့ပစ္စည်းဥစ္စာရှာဖွေရေး၊ သမီးဖြစ်ရင် အမေရဲ့အိမ်ထောင်ထိန်းသိမ်းမှု၊ အိမ်တွင်းမှုလုပ်ငန်းတွေကို ကူညီလုပ်ကိုင်ဆောင်ရွက်ပေးရမယ်။

အဲဒီ အင်္ဂါရပ်တွေနဲ့ ပြည့်စုံမှဩရသ သားသမီးအဖြစ် ရပိုင်ခွင့်ရှိတယ်ကွ။ ဩရသသားသမီး အမျိုးအစားအပြင် ကိတ္တိမသားသမီးဆိုတာရှိသေးတယ်။ ကိတ္တိမသားသမီးဆိုတာ မွေးစားသားသမီးကို ခေါ်တာ။ ကိတ္တိမဆိုတဲ့စကားက တို့မြန်မာဗုဒ္ဓဘာသာလူမျိုးတွေရဲ့ မူရင်းစကားမဟုတ်ဘူး။ ဟိန္ဒူတရားဥပဒေမှာရှိတဲ့ ကြိတြိမ ဆိုတဲ့စကားက ဆင်းသက်လာလို့ ကျမ်းပြုပုဂ္ဂိုလ်တချို့က ဆိုကြတယ်။ ကြိတြိမရဲ့ အဓိပ္ပာယ်က အစစ်အမှန်မဟုတ်လို့ ဆိုထားတယ်။ ဓမ္မသတ်တွေမှာတော့ ကိတ္တိမသားသမီးများကို အမွေခံသားသမီးအဖြစ် အထင်အရှား မွေးစားသော သားသမီးလို့ ဖော်ပြထားတယ်။ မင်းရှင်းအောင်ပြောရမယ်ဆိုရင် မိရင်းဖရင်းရဲ့သဘောတူညီချက်နဲ့ မွေးစားမဲ့သူဟာ သူ့ရဲ့အမွေပစ္စည်းတွေကို ဆက်ခံဖို့ ရည်ရွယ်ပြီး မွေးစားတဲ့သားသမီးကို ကိတ္တိမသားသမီးလို့ ခေါ်တယ်ကွ။

ကိတ္တိမသားသမီးတွေကိုလဲ မွေးစားချင်တိုင်း မွေးစားလို့မရဘူးကွ။ သားသမီးမွေးစားတယ်ဆိုတာ

တယ်။ ကိတ္တိမသားသမီးနဲ့ခြားနားတာက တရားဝင်မဟုတ်ဘဲ အမွေမဲ့အမှတ်မဲ့ ကောက်ယူမွေးစားတဲ့ သားသမီးကို အပဝိဒ္ဓ သားသမီးလို့ခေါ်တာပဲကွ။ အဒေး တစ်ခုတော့ ရှိတယ်ကွ။ မွေးစားမိဘက သူ့ရဲ့အမွေကို ဆက်ခံဖို့ရည်ရွယ်ချက်မရှိဘဲ မွေးစားရင် အပဝိဒ္ဓ သားသမီးဖြစ်ပေမဲ့ အမွေဆက်ခံဖို့ ရည်ရွယ်ရင်တော့ အဲဒီ အပဝိဒ္ဓက ကိတ္တိမ ဖြစ်နိုင်တာပေါ့ကွာ။

မင်း အမှတ်ရခက်နိုင်တဲ့အမျိုးအစားနာမည်နဲ့ သားသမီးတွေရှိသေးတယ်ကွ။ ဆာတဘတ္တ သားသမီးနဲ့ သဟောဓ သားသမီးတွေရှိသေးတယ်။ ပေတေလေလွင့်၊ အကျင့်ပျက်၊ အခြေအနေမဲ့ လမ်းဘေးက ကလေကချေကို သနားလို့ခေါ်ယူကျွေးမွေးထားရင် ဆာတဘတ္တလို့ ခေါ်တယ်ကွ။ အမွေရခွင့်မရှိဘူး။ ဝယ်ယူ မွေးစားထားတဲ့သားသမီးတွေကျတော့ သဟောဓလို့ခေါ်တယ်ကွ။ အခုခေတ်မှာတော့ ဒါမျိုးတွေမရှိတော့ပါဘူးကွ။

သားသမီးအမျိုးအစားတွေက တော်တော်များပါလားကွာ။

ကျန်သေးတယ်ကွ။ မင်းက ဩရသ သားသမီးအကြောင်းကိုမေးလို့ ငါကရှင်းပြနေတာ။ မပြတ်သေးဘူး။ ဩရသသားသမီးဆိုတာက သားကြီးသမီးကြီး ဖြစ်သလို သားငယ်သမီးငယ်တွေဟာ ကနိဋ္ဌ သားသမီးတွေပဲကွ။ ကနိဋ္ဌ ဆိုတာက ငယ်သောလို့ အဓိပ္ပာယ်ရတယ်ကွ။ ဩရသကလွဲရင် ကျန်သားသမီးတွေဟာ ဩရသအရာကိုမရမီ သေဆုံးသွားခဲ့ရင် ကနိဋ္ဌ အငယ်တွေထဲက အကြီးဆုံးသားသမီးဟာ ဩရသအဖြစ် ရရှိနိုင်တယ်။ ဩရသနဲ့ကနိဋ္ဌရဲ့ ခြားနားချက်က မိဘနှစ်ပါးအနက် တစ်ဦးသေဆုံး ကွယ်လွန်သွားရင် ဩရသကအမွေပစ္စည်းရဲ့လေးပုံ တစ်ပုံတောင်းဆိုနိုင်တယ်။ ကနိဋ္ဌတွေက ဘာအမွေ ဝေစုမှတောင်းဆိုခွင့်မရှိဘူးကွ။ ကီဠိတ သားသမီးဆို တာရှိသေးတယ်ကွ။ ကစားမြူးထူးရာမှရသော သားသမီးလို့ အဓိပ္ပာယ်ရတယ်။ မနုကျယ်မွေ့သတ်၊ သဿမတဲ့ ပုဒ်မ ၈၁ မှာ ဖော်ပြထားတာကတော့ အကြင်ယောက်ျား၊ မိန်းမတို့သည် ရွှင်မြူးကြ၍ အလိုကာမ ပေး၍ရရာတွင် အထင်အရှားမနေ မွေးသောသားလို့ ဖော်ပြထားတယ်ကွ။ အဖေမပေါ်တဲ့ သားသမီး၊ တိတ်တိတ်ပုန်းမွေးတဲ့သားသမီးကို ခေါ်တာပေါ့ကွာ။ ထားပါတော့ကွာ နောက်ဆုံးသားသမီးကတော့ မင်း သိပ်သိချင်နေတဲ့ သွန္နတ္တသားသမီး။

မိဘတွေရဲ့ ဆိုဆုံးမစကားကို နားမထောင်၊ မိဘတွေရဲ့ဩဇာကို မနာခံ၊ မိဘတွေကို တော်လှန်ပြီး ရန်သူသဖွယ်ပြုကျင့်တဲ့သားသမီးတွေကို သွန္နတ္တ သားသမီးလို့ခေါ်တယ်ကွ။ အဲဒီလိုသားသမီးမျိုးတွေ က မိဘအမွေကို လုံးဝဆက်ခံခွင့်မရှိဘူးကွ။ ခွေးကမှ သစ္စာရှိသေးတယ်။ ခွေးလောက်တောင် သစ္စာမရှိတဲ့ သားသမီးတွေ ရှိနေတယ်ကွ။ မိခင်အိုကြီးကို အလုပ်လုပ်တဲ့မွေ့ရာမှာ စွန့်ပစ်ထားခဲ့တာမျိုး၊ မိခင်ဖခင်ကို အဇာတသတ်လက်သစ်လို သတ်ဖြတ်တာမျိုး၊ မိခင်ကို အရက်မူးမူးနဲ့ ပြစ်မှားစော်ကားတဲ့ ခွေးထက်မိုက်တာမျိုး၊ မူးယစ်ဆေးစွဲပြီး မိဘပစ္စည်းတွေကိုဖြုန်းတီး နေတာမျိုး၊ သောက်စား လောင်းကစားနေတာမျိုး တွေဟာ သွန္နတ္တသားဆိုး သမီးဆိုးတွေပေါ့ကွာ။ ဒီလောက် ဆိုရင် သားသမီး အမျိုးအစားတွေရဲ့ အကြောင်းကို မင်းနားလည် လောက်ပါပြီကွာ။

အင်း နားလည်သွားပါပြီကွာ။ မင်းရှင်းပြတာ တွေကို ငါမှတ်ထားတယ်ကွ။

၁။ ဩရသ - ရင်၌ဖြစ်သောသား၊

၂။ ကိတ္တိမ - အမွေခံသားအဖြစ် အထင်အရှား မွေးစားသောသား၊

၃။ အပဝိဒ္ဓ - ကောက်၍မွေးသောသား (ဆရာဇီဝကတို့လိုသားမျိုး)၊

၄။ ဆာတဘတ္တ - ထမင်းငတ်သည့်အခါ မှီခိုလာသည့်သားမျိုး၊

၅။ သဟောဓ - ဝယ်၍ရသောသားမျိုး၊

၆။ ကနိဋ္ဌ - သားငယ် သမီးငယ်များ၊

၇။ ကီဠိတ - ကစားမြူးထူးရာရသော သားမျိုး၊

၈။ သွန္နတ္တ - မိဘစကားနားမထောင် ခွေးနှင့်တူသော (မိဘကိုရန်သူ ကဲ့သို့ ကျင့်သောသားဟူလို)

ဆိုပြီး သားသမီးအမျိုးအစား ရှစ်မျိုးရှိတာကို ရှင်းသွားပါပြီ သူငယ်ချင်းရာ။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နှမ်း ၆၀၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၇၈ ဧက၊ ကလေးဝမြို့နယ်တွင် ၂၂၉ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၇၇၉ ဧက စုစုပေါင်း ၂၀၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည် ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အောက်တိုဘာလအတွင်း ငါးတန် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလက ငါးတန်ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလတစ်လအတွင်း ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးတန်များ အပါအဝင် ရေထွက်ကုန် ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးတန်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလကထက် အောက်တိုဘာလအတွင်း ငါးတန်ပိဿာချိန်တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေထွက်တဲ့ ငါးတန်ငါးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ငါးတန်က ဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်။ တင်ပို့အားတက်လာတော့ ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးနေကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူရေးလုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကိုယ့်ပြည်ရွာ အေးချမ်းဖို့

- ကိုယ့်ပြည်ရွာ ဘေးမသန်း
  အေးချမ်းဖို့ လိုပါသည်၊
  လူတိုင်းမှာ တာဝန်အသိ
  ထားရှိကိုယ်စီ၊
  ရည်မှန်းထား ပန်းတိုင်ဆီ
  လှမ်းနိုင်မည် ဘယ်မလွဲ၊
  အားမာန်တွေ ရင်မှာလွှမ်းလို့
  ကြိုးပမ်းစဉ်မြဲ။

- စည်းလုံးစွာ လက်ကိုတွဲ
  ခိုင်မြဲကြ ထာဝစဉ်၊
  ရည်မှန်းရာ အတူလျှောက်
  ထွန်းတောက်မည်ပင်၊
  အမှန်အမှား ခွဲခြားမြင်
  ကောင်းရာယှဉ် တုပလျက်၊
  ကတိသစ္စာ မဖောက်စတမ်း
  လျှောက်လှမ်းရှေ့ဆက်။

- အတ္တတွေ ရင်မှာမဖက်နဲ့
  တာဝန်မပျက် ထမ်းရွက်ဆောင်၊
  လူမျိုးဘာသာ သာသနာအကျိုး
  သယ်ပိုးခုနှောင်၊
  အနာဂတ် ကိုယ့်ပြည်ထောင်
  သာယာအောင် ဖန်တီးပေး၊
  စွမ်းဆောင်ရည် နှစ်ဆတိုးကာ
  ကြိုးစားစို့လေး။ ။

**ရဲသွေးနီ(တက်ဝန်)**

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေဖြူကျေးရွာအုပ်စု မုဆိုးရင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် အတူ မုဆိုးရင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ လမ်း၏ခံနိုင်ဝန်၊ သိပ်သည်းမှုများအတွက် Sand Cone Test၊ Plate Bearing Test တိုင်းတာစစ်ဆေးခြင်းများ စနစ်တကျပြုလုပ်ခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

မုဆိုးရင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော်မတီစုဖွဲ့၍ ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

## နိုင်ငံတကာ သတင်းများ

# နျူကလီးယားလက်နက်များစမ်းသပ်ရေးအတွက် အဆိုပြုချက်များတင်ပြရန် ရုရှားသမ္မတပူတင်ညွှန်ကြား



မော်စကို နိုဝင်ဘာ ၆

နျူကလီးယားလက်နက်များ စမ်းသပ်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်းများ ရေးဆွဲတင်ပြရန် ရုရှားသမ္မတပူတင်က သက်ဆိုင်ရာဌာနများကို နိုဝင်ဘာ ၅ ရက်တွင် ညွှန်ကြားထားကြောင်း သိရသည်။

နျူကလီးယား လက်နက်များစမ်းသပ်ရေးအတွက် လိုအပ်သည့် အချက်အလက်ကို ဆန်းစစ်၍ အဆိုပြုချက်မူကြမ်းများတင်သွင်းရန် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အခြား သက်ဆိုင်ရာအဖွဲ့အစည်းများကို မိမိညွှန်ကြားထားကြောင်း ရုရှားသမ္မတပူတင်က နိုင်ငံပိုင်ရုပ်သံဌာနသို့ ထုတ်ဖော်ပြောကြားထားသည်။

နျူကလီးယားလက်နက်စမ်းသပ်မှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေညာခဲ့ပြီးနောက် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်းညွှန်ကြားထားခြင်း ဖြစ်သည်။

ရုရှားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် ၁၉၉၁ ခုနှစ်မှစ၍ နျူကလီးယားလက်နက်များ စမ်းသပ်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အလားတူ အမေရိကန်နိုင်ငံသည်လည်း နျူကလီးယားလက်နက်များစမ်းသပ်မှုကို ရပ်နားထားသည်မှာ နှစ်ပေါင်း ၃၃ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

နျူကလီးယားလက်နက်စမ်းသပ်မှုများ အပြိုင်အဆိုင် ပြုလုပ်လာခဲ့ပါက ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်အများဆုံးပိုင်ဆိုင်ထားသော ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား တင်းမာမှုများ ထပ်မံ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်



ပေကျင်း နိုဝင်ဘာ ၆

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းသည် လာမည့် နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်ထိ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် အဖြစ်လာရောက်မည်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား ၁၉၇၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး စတင် တည်ထောင်ခဲ့ပြီး နောက်ပိုင်း ထိုင်းဘုရင်တစ်ပါး၏ ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း အနေဖြင့် သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်ထိ တရုတ်နိုင်ငံသို့လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း၏ တရုတ်နိုင်ငံခရီးစဉ်သည် တရုတ်နှင့် ထိုင်း သံတမန်ဆက်ဆံရေး စတင်မှုနှစ် ၅၀ ပြည့် အခါသမယနှင့် တိုက်ဆိုင်လျက်ရှိသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အစဉ်အလာအားဖြင့် ဆက်ဆံရေးနွေးထွေးကောင်းမွန်သည့်နိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယား၌ အဆောက်အအုံဟောင်းပြိုကျမှုဖြစ်ပွား အလုပ်သမား ငါးဦး အပျက်အစီးများကြားပိတ်မိ



ဆိုးလ် နိုဝင်ဘာ ၆

တောင်ကိုရီးယားနိုင်ငံ အူလ်ဆန်မြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံရှိအဆောက်အအုံဟောင်းတစ်လုံး ယနေ့တွင်ပြိုကျခဲ့ရာ အလုပ်သမား ငါးဦး အပျက်အစီးများကြား ပိတ်မိနေကြောင်း သိရသည်။

ပြိုကျခဲ့သည့် အဆောက်အအုံမှာ ဖြိုဖျက်နေဆဲဖြစ်သည့် စက်ရုံဟောင်းတစ်လုံး ဖြစ်ကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆောက်အအုံ ပြိုကျခဲ့ပြီးနောက် အပျက်အစီးများကြားမှ အလုပ်သမားလေးဦးကိုကယ်ထုတ်နိုင်ခဲ့သော်လည်း ငါးဦးမှာ အပျက်အစီးများကြား ပိတ်မိနေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အပူပေးစနစ် အဆောက်အအုံဟောင်းသည် ဖြိုဖျက်ရေးလုပ်ငန်းများလုပ်ဆောင်နေချိန်တွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေး သမားများက အပျက်အစီးများအောက် ပိတ်မိနေသူများကို ကယ်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းနေသည်။

ပိတ်မိနေသူများကို ကယ်ဆယ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြရန် တောင်ကိုရီးယားဝန်ကြီးချုပ် ကင်မင်ဆော့ခ်က တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဌာနချုပ်အဆောက်အအုံကို ရောင်းချရန် ဂျပန်အခြေစိုက် နစ်ဆန်းကုမ္ပဏီ စီစဉ်

တိုကျို နိုဝင်ဘာ ၆

ဘဏ္ဍာရေး ပြဿနာများနှင့် ရင်ဆိုင်နေရသည့် ဂျပန်အခြေစိုက် နစ်ဆန်း မော်တော်ယာဉ်ကုမ္ပဏီသည် ယိုကိုဟားမားမြို့ရှိ နစ်ဆန်းဌာနချုပ် အဆောက်အအုံကို ထုတ်ရောင်းရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘဏ္ဍာရေး ပြဿနာများကို ကျော်ဖြတ်ရေးအတွက် ယိုကိုဟားမားမြို့ရှိ နစ်ဆန်းဌာနချုပ်ကို ယန်းငွေ ၉၇ ဘီလီယံ(အမေရိကန်ဒေါ်လာ သန်း ၆၃၀)ဖြင့်ရောင်းချမည်ဖြစ်ကြောင်း နစ်ဆန်းကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

နစ်ဆန်းဌာနချုပ်အဆောက်အအုံကို တိုကျိုမြို့အခြေစိုက် အမ်ဂျေအိုင်ဂိုဒိုကိုင်ရှာ အမည်ရှိ အိမ်ခြံမြေကုမ္ပဏီတစ်ခုက ဝယ်ယူမည်ဖြစ်သည်။

ယိုကိုဟားမား ဌာနချုပ် အဆောက်အအုံကို ရောင်းချပြီးနောက် မိမိတို့အနေဖြင့် နစ်ဆန်းဌာနချုပ်အဖြစ် ဆက်လက်ငှားရမ်းသုံးစွဲရန် နစ်ဆန်းကုမ္ပဏီက စီစဉ်ထားသည်။

ဌာနချုပ် အဆောက်အအုံ ရောင်းချမှုမှရရှိသည့် ငွေကြေးအကျိုးအမြတ်များကို ကုမ္ပဏီလုပ်ငန်းများ ပြန်လည်နာလန်ထူရေးအတွက် အသုံးပြုရန် နစ်ဆန်းကုမ္ပဏီက စီစဉ်ထားသည်။

နစ်ဆန်းကုမ္ပဏီသည် ယခုနှစ်မတ်လထိအကျုံးဝင်သည့် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပါကစ္စတန်နှင့်အာဖဂန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ပြန်လည်ကျင်းပမည်

အစ္စတန်ဘူလ် နိုဝင်ဘာ ၆

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ကြားငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ နိုဝင်ဘာ ၆ ရက်တွင် ပြန်လည် စတင်ကျင်းပမည်ဖြစ်သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်ဖက်တပ်များကြား ပြီးခဲ့သည့်လက နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ နှစ်ဖက်တပ်ဖွဲ့ဝင်နှင့် ပြည်သူအများအပြား သေဆုံးခဲ့ရကြောင်း သိရသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့သည် အဆိုပါနယ်စပ်ပဋိပက္ခများကို အောက်တိုဘာ ၁၉ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ရပ်တန့်ခဲ့ကြသည်။

သို့ရာတွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဆက်လက်ကျင်းပခဲ့သည့် ဆွေးနွေးပွဲများတွင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ အနေဖြင့် ရေရှည်ငြိမ်းချမ်းရေး သဘောတူညီချက်ရယူနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

သို့သော် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် ကိုယ်စားလှယ်များအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အစ္စတန်ဘူလ်မြို့၌ နိုဝင်ဘာ ၆ ရက်တွင် စတင်ပြန်လည် ကျင်းပမည်ဖြစ်ကြောင်း တူကီယဲတာဝန် ရှိသူများက ပြောကြားခဲ့သည်။


ပြီးခဲ့သည့်လအတွင်း ဖြစ်ပွားခဲ့သည့် ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်ပဋိပက္ခများမှာ အာဖဂန်နစ္စတန်ကို တာလီဘန်များ ပြန်လည်ထိန်းချုပ်ခဲ့သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး နယ်စပ်ပဋိပက္ခများ ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တီယန်ကောင်းအာကာသစခန်း ရက်တိုခရီးစဉ်အတွက် တရုတ်နိုင်ငံက ပါကစ္စတန်အာကာသယာဉ်မှူး နှစ်ဦးကို ရွေးချယ်လေ့ကျင့်ပေးသွားမည်ဖြစ်



**ပေကျင်း နိုဝင်ဘာ ၆**

တီယန်ကောင်းအာကာသစခန်း ရက်တိုခရီးစဉ်အတွက် တရုတ်နိုင်ငံက ပါကစ္စတန်အာကာသယာဉ်မှူးနှစ်ဦးကို ရွေးချယ်လေ့ကျင့်ပေးမည် ဖြစ်ကြောင်း နိုဝင်ဘာ ၅ရက် သတင်းများတွင် ရေးသား တင်ပြထားသည်။

တီယန်ကောင်းအာကာသစခန်း ရက်တိုခရီးစဉ်အတွက် ပါကစ္စတန် အာကာသယာဉ်မှူးနှစ်ဦးကို ရွေးချယ်၍ တရုတ်အာကာသယာဉ်မှူးများနှင့်အတူ လေ့ကျင့်ပေးမည် ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အထက်ပါ ပါကစ္စတန်အာကာသယာဉ်မှူးနှစ်ဦးအနက် တစ်ဦးကို တီယန်ကောင်း အာကာသစခန်း ရက်တိုခရီးစဉ်အတွက် ထပ်မံ ရွေးချယ်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည်တီယန်ကောင်းအာကာသစခန်းသို့ ပါကစ္စတန်အာကာသယာဉ်မှူးတစ်ဦး စေလွှတ်ရေး သဘောတူညီချက်ကို ယခုနှစ် ဖေဖော်ဝါရီလအတွင်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်အတွင်း ရှန်ကျိုး-၂၂ နှင့် ရှန်ကျိုး-၂၃အာကာသလူသယ်ယာဉ်များကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံက လကမ္ဘာပေါ်၌ ၂၀၃၀ ပြည့်နှစ်တွင် တည်ဆောက်မည့်လကမ္ဘာနိုင်ငံတကာသုတေသနအခြေစိုက်စခန်းစီမံကိန်းတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စန်တီနယ်-၁ ဒီ ဂြိုဟ်တုကို အာရီယာနီ-၆ ဒုံးပျံဖြင့် အာရီယာနီစပေ့ကုမ္ပဏီက လွှတ်တင်ခဲ့

**ပဲရစ် နိုဝင်ဘာ ၆**

ဥရောပအာကာသအေဂျင်စီ၏ စန်တီနယ်-၁ ဒီ အမည်ရှိဂြိုဟ်တုကို ပြင်သစ်အခြေစိုက် အာရီယာနီစပေ့ကုမ္ပဏီက နိုဝင်ဘာ ၅ ရက်တွင် အာရီယာနီ-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စန်တီနယ်-၁ ဒီ မစ်ရှင်သည် အာရီယာနီ-၆ ဒုံးပျံသစ်၏ စတုတ္ထမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃၃ ဒသမ ၅ မိနစ်အကြာတွင် အာရီယာနီ-၆ ဒုံးပျံသည် စန်တီနယ်-၁ ဒီ ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၄၄၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အာရီယာနီစပေ့ကုမ္ပဏီသည်





အာရီယာနီ-၅ ဒုံးပျံများကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အနားပေးပြီးနောက် ဥရောပအာကာသအေဂျင်စီ မစ်ရှင်များအတွက် အာရီယာနီ-၆ ဒုံးပျံသစ်ကို အသုံးပြုနေခြင်းဖြစ်သည်။

အာရီယာနီစပေ့ကုမ္ပဏီသည် စန်တီနယ်-၁ဒီ ဂြိုဟ်တုကို တောင်အမေရိကတိုက် ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာရီယာနီစပေ့ကုမ္ပဏီသည် အာရီယာနီ-၆ ဒုံးပျံသစ်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မဟာအာကာသတွင်းနက်များမှ စွမ်းအင်အပြင်းထန်ဆုံးအလင်းရောင်ကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် နိုဝင်ဘာ ၆**

မဟာအာကာသတွင်းနက်များမှ စွမ်းအင်အပြင်းထန်ဆုံး အလင်းရောင်ကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အထက်ပါ အလင်းရောင်ကို ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၀ ဘီလီယံ ကွာဝေးသည့် J2245+ 3743 အမည်ရှိ ကြယ်စုတစ်စု၏ ဗဟိုချက်၌ တည်ရှိသော မဟာအာကာသ တွင်းနက်က ထုတ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

J2245+ 3743 မဟာအာကာသတွင်းနက်က ထုတ်လွှတ်ခဲ့သည့် အလင်းရောင်မှာ နေအစင်းပေါင်း ၁၀၀၀ ထရီလီယံက ထုတ်လွှတ်သည့် စွမ်းအင်ပမာဏနှင့် ညီမျှကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

J2245+ 3743 မဟာအာကာသတွင်းနက်၏ ကြီးမားပြင်းထန်သော ဒြပ်ဆွဲအားဖိသိပ်မှုကြောင့် ရောမကြယ်ကြီးတစ်စင်း ပြိုကွဲသွားချိန်တွင် စွမ်းအင်လွန်စွာမြင့်မားသော အလင်းရောင်ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

J2245+ 3743 မဟာအာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အဆပေါင်း သန်း၅၀၀ကြီးမားသည့်အာကာသတွင်းနက်ဖြစ်သည်။

J2245+ 3743 မဟာအာကာသတွင်းနက်က ထုတ်လွှတ်သည့် အလင်းရောင်ကို အမေရိကန်သိပ္ပံပညာရှင်များက ဇက်တီအက်ဖ် ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ညပိုင်းကာလ အလင်းညစ်ညမ်းမှုပြဿနာက နှလုံးရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေ

**နယူးယောက် နိုဝင်ဘာ ၆**

ညပိုင်းကာလ အလင်းညစ်ညမ်းမှုပြဿနာသည် နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၄၆၆ ဦးတို့၏ နှလုံးခါတ်မှန်များနှင့် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်များ၏ အလင်းညစ်ညမ်းမှုအဆင့်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ညပိုင်းကာလ၌ အလင်းတုများဖြင့် အထိအတွေ့များသူများတွင် သွေးကြောများ ရောင်ရမ်းလာနိုင်ခြေနှင့် နှလုံးရောဂါဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ညပိုင်းကာလ အလင်းတုများနှင့် ထိတွေ့မှုမြင့်မားပါက နှလုံးကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လေ့လာတွေ့ရှိချက်အရ ညပိုင်းကာလအတွင်း အလင်းတုများဖြင့် အထိုက်အလျောက် ထိတွေ့နိုင်ခဲ့လျှင် ဦးနှောက်နှင့်သွေးကြောများအပေါ် ဖိအားသက်ရောက်မှုရှိလာတတ်ကြောင်း၊ ညပိုင်းကာလ အလင်းတုများထဲတွင် စမတ်ဖုန်းများမှပေါ်ထွက်သည့် အလင်းရောင်များလည်း ပါဝင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## အဝလွန်မှုကြောင့် နားအူမှုပြဿနာ ပေါ်လာနိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၆**

အဝလွန်မှုကြောင့် နားအူမှု (Tinnitus) ပြဿနာပေါ်လာနိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ပါကစ္စတန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ခန္ဓာဒြပ်ထု အညွှန်းကိန်း (BMI) ၃၀ နှင့်အထက်ရှိသူများ၌ နားအူမှုပြဿနာပေါ်လာနိုင်ခြေ ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်လာနိုင်ကြောင်း သိရသည်။

BMI အညွှန်းကိန်းသက်မှတ်ချက်အရ BMI ၁၈ ဒသမ ၅ နှင့် ၂၅ အကြားကို ကျန်းမာရေးနှင့် ညီညွတ်သော ကိုယ်အလေးချိန်အဖြစ် သတ်မှတ်ထားပြီး ၃၀ နှင့်အထက်ကို အဝလွန်မှုအဖြစ် သတ်မှတ်ထားသည်။

သို့ရာတွင် အဝလွန်မှုနှင့် နားအူမှုပြဿနာတို့အကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို ပါကစ္စတန် သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဝလွန်မှု၏ နောက်ဆက်တွဲ ရောင်ရမ်းမှုပြဿနာကြောင့် သွေးစီးဆင်းမှုများထိခိုက်ပျက်စီး၍ နား၏လုပ်ငန်းလည်ပတ်မှုထိခိုက်သွားနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

ပါကစ္စတန်သုတေသနပညာရှင်များသည် အမျိုးသား ၅၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



နိုင်ငံတကာ
အားကစားသတင်းများ

# ရိုဒရီဂိုကို ယူရိုသန်း ၈၀ ဖြင့်ခေါ်ယူရန် ချဲလ်ဆီးအသင်း ပြင်ဆင်

လန်ဒန် နိုဝင်ဘာ ၆

ချဲလ်ဆီးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲနေသည့် တိုက်စစ်မှူး ရိုဒရီဂိုကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

တိုက်စစ်မှူး ရိုဒရီဂိုကို ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်းနှင့် မန်စီးတီး အသင်းတို့ကလည်း ခေါ်ယူရန် အပြိုင် ကြိုးပမ်းနေသော်လည်း ချဲလ်ဆီးအသင်းက ကစားသမားကို ခေါ်ယူနိုင်ရန် နီးစပ်နေပြီး နည်းပြ မာရက်စ်ကာကလည်း တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ခေါ်ယူနိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

ရိုဒရီဂိုသည် နည်းပြ အလွန်ဆိုလက်အောက်တွင် အမှတ်ပေးပြိုင်ပွဲ နှစ်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်ပွဲသာ ပုံမှန်ပွဲကစားခွင့်ရခဲ့ပြီး ကျန်ပွဲစဉ်များတွင် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသဖြင့် အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် အသင်းပြောင်းရွှေ့သွားရန် ဆုံးဖြတ်ထားသူဖြစ်ကာ ပွဲကစားခွင့်ရရှိနိုင်မည့် ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ရန် နီးစပ်လျက်ရှိသည်။

အသက် ၂၄ နှစ်ရှိ ကစားသမားသည် ၂၀၁၇ ခုနှစ်က ဘရာဇီးကလပ်ဆန်းတို့စ်အသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ကာ နည်းပြအန်ဆယ်လော့တီလက်အောက်တွင် ခြေစွမ်းပိုင်း တိုးတက်လာခဲ့ရာ အသင်းကြီးတွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ပြီး လက်ရှိအချိန်ထိ ပြိုင်ပွဲစုံ ၂၈၅ ပွဲတွင် သွင်းဂိုး ၇၀ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက တိုက်စစ်မှူး ဗလာဟိုဗစ်ကိုခေါ်ယူရန် ဂျူဗင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ကို စောင့်ကြည့်နေပြီး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းတွင် တစ်နှစ်လုပ်ခလစာ ယူရို ၁၂ သန်းထိ ရရှိနေကြောင်း သိရသည်။
- ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်း၊ မန်ယူအသင်း၊ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူရန်စောင့်ကြည့်နေသည့် ပါမီးယက်စ်အသင်း တိုက်စစ်မှူး ဗစ်တာရိုကွီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ရရှိမှသာ ရောင်းချမည်ဟု ကစားသမား၏အေးဂျင့်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ခံစစ်ကစားသမား ဟာကီမီ ဒဏ်ရာကြောင့် အနားယူရမည်ဖြစ်သည့်အတွက် ၎င်းနေရာတွင် အစားထိုးနိုင်မည့် ပဲလေ့စ်အသင်းခံစစ်ကစားသမား မူနို့ဇ်ကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်းက စီစဉ်နေကြောင်းသိရသည်။

ML

# လိဂ်အဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ထိပ်ဆုံး၌ရပ်တည် မေဂျာလိဂ်ပြိုင်ပွဲမှာ အဆင့်(၁၁)နှင့် ဆော်ဒီပရိုလိဂ်မှာ အဆင့်(၂၉)နေရာတွင် ရပ်တည်



လန်ဒန် နိုဝင်ဘာ ၆

OPTA ၏ စစ်တမ်းကောက်ဖော်ပြချက်အရ လက်ရှိ ကမ္ဘာ့ဘောလုံးလောက လိဂ်အဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသည် ထိပ်ဆုံးမှရပ်တည်နေပြီး မက်ဆီပါဝင်ကစားနေသည့် မေဂျာလိဂ်ပြိုင်ပွဲမှာ အဆင့်(၁၁)နေရာတွင် ရပ်တည်နေကာ စီရော်နယ်ဒို ပါဝင်ကစားနေသည့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲမှာ အဆင့်(၂၉)နေရာတွင်သာ ရပ်တည်နေကြောင်း သိရသည်။

လက်ရှိ ဘောလုံးလောကတွင် လိဂ်ပြိုင်ပွဲများ၌ ပရီးမီးယားလိဂ်ပြိုင်ပွဲသည် ကမ္ဘာ့တစ်ဝန်းရှိ ဘောလုံးပရိသတ်များ၏ အားပေးမှုများကို အခိုင်အမာရရှိခဲ့ပြီးနောက် အင်အားအကြီးမားဆုံး လိဂ်ပြိုင်ပွဲအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

OPTA ၏ စစ်တမ်းကောက်ဖော်ပြချက်အရ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ အဆင့်ပြောင်းလဲခြင်းမရှိခဲ့ဘဲ အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲက အဆင့်(၂)၊ ဂျာမန် ဘွန်ဒက်လီဂါပြိုင်ပွဲက အဆင့်(၃)၊ အီတလီစီးရီးအေပြိုင်ပွဲက အဆင့်(၄)၊ ပြင်သစ်လီဂူးပြိုင်ပွဲက အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့ပြီး ကမ္ဘာ့ထိပ်တန်းလိဂ် ငါးခုအဖြစ် ရပ်တည်နိုင်ခဲ့ကြခြင်းဖြစ်သည်။

အလားတူ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသည် အခြားဥရောပထိပ်တန်းလိဂ်များကို ကျော်ဖြတ်ပြီး လိဂ်အဆင့် သတ်မှတ်ချက်တွင် အဆင့်(၆)နေရာ၌ အံ့အားသင့်ဖွယ် ရပ်တည်နေပြီး ပေါ်တူဂီပရီးမီးယားလီဂါပြိုင်ပွဲက အဆင့်(၇)၊ ဘယ်လ်ဂျီယံ ဂျူပီလီယာပရိုလိဂ်ပြိုင်ပွဲကအဆင့်(၈)၊ ဘရာဇီး စီးရီးအေပြိုင်ပွဲကအဆင့်(၉)၊ လီဂါပရော် ဖက်ရှင်နယ် အာဂျင်တီးနားပြိုင်ပွဲမှာအဆင့်(၁၀)နေရာတွင် ရပ်တည်ခဲ့ပြီး ထိပ်ဆုံးလိဂ် ၁၀ နေရာတွင် အသီးသီးရပ်တည်ခဲ့ကြသည်။

မက်ဆီ ပါဝင်ကစားနေသည့် မေဂျာလိဂ် ပြိုင်ပွဲသည်လည်း အဆင့် တစ်ဆင့်မြင့်တက်လာခဲ့ပြီးနောက် အခြားထိပ်တန်းလိဂ်များကို ကျော်ဖြတ်ကာ အဆင့်(၁၁)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

Ref : Opta.com

Trs : STA

# ဘင်ဖီကာအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် နည်းပြမော်ရင်ဟိုကို ဝုဗ်အသင်း ခေါ်ယူရန်ကြိုးပမ်း

လန်ဒန် နိုဝင်ဘာ ၆

ဝုဗ်အသင်းသည် နည်းပြပါရဲရားကို ထုတ်ပယ်ပြီးနောက် ဘင်ဖီကာအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် နည်းပြ မော်ရင်ဟိုကို ပရီးမီးယားလိဂ်သို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပြမော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဖီနာဘာချီအသင်းကို တာဝန်ယူခဲ့သော်လည်း ရလဒ်ဆိုးရွားမှုကြောင့် ရာထူးမှ ထုတ်ပယ်ခံရပြီးနောက် စက်တင်ဘာလတွင် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းကို ကိုင်တွယ်ခဲ့ရာ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ပိုင်း တည်ငြိမ်မှုရှိသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ လေးပွဲစလုံး ရှုံးနိမ့်ခဲ့သဖြင့် ရာထူးမှထုတ်ပယ်ခံရရန် နီးစပ်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဝုဗ်အသင်းတာဝန်ရှိသူများက နည်းပြသစ်အဖြစ် ဂယ်ရီအိုနေးကိုခန့်အပ်ရန် ဆွေးနွေးခဲ့ရာ ငြင်းပယ်ခံရသဖြင့် ဘင်ဖီကာအသင်းနှင့် လမ်းခွဲရန်သေချာနေသည့် မော်ရင်ဟိုကိုသာ ခန့်အပ်ရန် ဆုံးဖြတ်ထားပြီး ၎င်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲ မကစားရသည့် အသင်းသို့သာ ပြောင်းရွှေ့မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မော်ရင်ဟိုသည် နည်းပြဘဝတွင် ပေါ်တိုအသင်းနှင့် အောင်မြင်မှုများ ရလာပြီးနောက် ပရီးမီးယားလိဂ်ကလပ်အသင်းများ ဖြစ်သည့် ချဲလ်ဆီး၊ မန်ယူ၊ စပါးအသင်းတို့တွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်၊ အင်တာမီလန်၊ ရိုးမား၊ ဖီနာဘာချီ အသင်းတို့ကို တာဝန်ယူခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဂါလာတာစာရေးအသင်းကို ရှုံးနိမ့်ခဲ့သည့် အေဂျက်အသင်း ချန်ပီယံလိဂ်လေးပွဲဆက် ရှုံးပွဲကြုံတွေ့

အမ်စတာဒမ် နိုဝင်ဘာ ၆

ဂါလာတာစာရေး အသင်းနှင့် အေဂျက်အသင်းတို့ ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အေဂျက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံလိဂ်လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ကြောင်း သိရသည်။

အေဂျက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် အင်တာမီလန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး မာဆေးအသင်းနှင့်ပွဲစဉ်တွင် လေးဂိုး ဂိုးမရှိ၊ ချဲလ်ဆီးအသင်းကို ငါးဂိုး တစ်ဂိုး၊ ယခုပွဲစဉ်တွင် ဂါလာတာစာရေးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။



အေဂျက်အသင်းသည် ဂါလာတာစာရေးနှင့်ပွဲစဉ်တွင် ပထမပိုင်း ပွဲကစားချိန်၌ အပြန်အလှန် ဖိအားပေးမှုများရှိခဲ့သဖြင့် ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် တိုက်စစ်ကစားပုံပြောင်းလဲလာသည့် ဂါလာတာစာရေးအသင်းကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပွဲကစားချိန် ၅၉ မိနစ်၊ ပွဲကစားချိန် ၆၆ မိနစ်၊ ပွဲကစားချိန် ၇၈ မိနစ်တို့တွင် အိုစီမန်က ဟက်ထရစ်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သောကြောင့် ချေပဂိုးရရှိရေးကြိုးပမ်းခဲ့ရာ တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အေဂျက်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲအပြီးတွင် လေးပွဲစလုံး နိုင်ပွဲမရရှိခဲ့ဘဲ ပေးဂိုးများခဲ့သောကြောင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲကျန်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲကျန်ပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ သီဟဒီပ အားကစားကွင်းတွင် ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် ရှမ်းယူနိုက်တက်အသင်း၏ ပြည်ပပြိုင်ပွဲကြောင့် ပွဲကျန်ပွဲစဉ်အဖြစ် ကစားခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၃ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ပွဲချိန် ၃၈ မိနစ်တွင် ဟာမီတန်တို့က ဂိုးများသွင်းယူပေးနိုင်ခဲ့ကာ ပွဲချိန် ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ဆက်လက် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၂ မိနစ်တွင် စအောင်ပြည့်ကိုနှင့် ပွဲချိန် ၈၇ မိနစ်တို့တွင် ရဲရင့်အောင်တို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက် သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ခွန်ကျော်ဇင်ဟိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ISPE အသင်းနှင့် တောင်ကိုရီးယားကလပ် ဆူဝမ်အက်ဖ်စီအသင်းတို့ စတင်ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၆**

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံကိုယ်စားပြု ISPE အသင်းသည် တောင်ကိုရီးယားကလပ် ဆူဝမ်အသင်းနှင့် စတင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ISPE အသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ရာ ခြေစစ်ပွဲအဆင့်တွင် ဖိလစ်ပိုင်ကလပ် စတယ်လီယန်လာဂူနာ အသင်း၊ မွန်ဂိုလီးယားကလပ် ခုဗက်စတန်အသင်း၊ ဂူအန်ကလပ် စတွိုင်လာ အသင်းတို့နှင့်ကစားခဲ့ရာ သုံးပွဲစလုံးအနိုင်ရရှိခဲ့ကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ကို အုပ်စုတစ်စုချင်းစီတွင် အိမ်ရှင်တစ်နိုင်ငံက လက်ခံ ကျင်းပသွားမည်ဖြစ်ပြီး ISPE အသင်းပါဝင်သည့် အုပ်စု( C)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည်ဖြစ်ကာ ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်သည်။

ISPE အသင်းသည် အုပ်စု(C)တွင် တောင်ကိုရီးယားကလပ် ဆူဝမ်အက်ဖ်စီအသင်း၊ ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ မြောက်ကိုရီးယားကလပ် နာဂိုယောင်းအသင်းတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၉ ရက်တွင် ဆူဝမ်အက်ဖ်စီအသင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် တိုကျိုဗာဒီအသင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် နာဂိုယောင်း အသင်းနှင့်လည်းကောင်း အသီးသီးကစားသွားမည်ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနေရာတွင် ရရှိမည့်အသင်းများအနေဖြင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် မတူညီသည့်အသင်း သုံးသင်းနှင့် ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ဟာလန်း မှတ်တမ်းဝင်

**မန်ချက်စတာ နိုဝင်ဘာ ၆**



မန်စီးတီးအသင်း တိုက်စစ်ကစားသမား ဟာလန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် မန်စီးတီးအသင်းနှင့် ဒေါ့မွန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် မတူညီသည့် အသင်းသုံးသင်းနှင့် ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဟာလန်းသည် အသင်းဟောင်း ဒေါ့မွန်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ပွဲချိန် ၂၉ မိနစ်၌ တတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သမိုင်းဝင်မှတ်တမ်းတစ်ရပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှုံးထွက်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်ပွဲစဉ်၌ အသင်းအတွက် သွင်းဂိုး သွင်းယူပေးနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နာပိုလီအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ မိုနာကို အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး၊ဗီလာရီးရဲလ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဒေါ့မွန်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့် အသင်းသုံးသင်းနှင့် ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် မန်စီးတီးအသင်း မတိုင်မီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆဲလ်ဘတ်အသင်း၊ ဒေါ့မွန်အသင်းတို့နှင့်အတူ ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မတူညီသည့် အသင်းသုံးသင်းနှင့် ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမား ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြဟန်ဆီဖလစ် ဘာစီလိုနာအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည်ဟု သတင်းထွက်ပေါ်

**ဘာစီလိုနာ နိုဝင်ဘာ ၆**

ဘာစီလိုနာအသင်း နည်းပြဟန်ဆီဖလစ်က ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးလျှင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ၎င်း၏နည်းပြအဖွဲ့ဝင်များထံ အသိပေးမှုပြုလုပ်ထားသည်ဟု သတင်းများထွက်ပေါ်ခဲ့ကြောင်း သိရသည်။

နည်းပြ ဟန်ဆီဖလစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပထမဆုံး ဘောလုံးရာသီတွင်ပင် စပိန်လာလီဂါဖလား၊ စပိန်စူပါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား စသည့် ပြည်တွင်းဆုဖလား သုံးလုံးကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြ ဟန်ဆီဖလစ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် အသင်းဘုတ်အဖွဲ့ဝင်များနှင့် ဆက်ဆံရေး အဆင်မပြေမှုများဖြစ်လာခဲ့ပြီးနောက် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နည်းပြ ဟန်ဆီဖလစ်သည် အစောပိုင်းကလည်း အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် လမိုင်းယာမယ်နှင့် ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ပြီးနောက် အသင်းဘုတ်အဖွဲ့ကလည်း ၎င်းအပေါ် ထောက်ခံအားပေးမှုများ နည်းပါးလာခဲ့သောကြောင့် ရာသီအကုန်တွင် သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည် မဟုတ်ဘဲ အသင်းမှထွက်ခွာရန်သာ ဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု ၎င်း၏ နည်းပြအဖွဲ့ထံ အသိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romnano

Trs : STA

## စပိန်လာလီဂါ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို** Vs **လီဗန်တေး**

ကစားမည့်ရက်/အချိန် ၈-၁၁-၂၀၂၅ (ည ၁၂:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗန်တေး ၀ - ၂ အေတီကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အေတီကို - ဝေး(နိုင်) အိမ်(နိုင်) အိမ်(နိုင်)

လီဗန်တေး - ဝေး(သရေ) ဝေး(နိုင်) အိမ်(ရှုံး)

အေတီကိုအသင်းအတွက် လီဗန်တေးအသင်းကတော့ ပြိုင်ဘက်ကောင်းမဟုတ်ပါဘူး။ အေတီကိုအသင်းက နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်အနိုင်ရရှိထားတဲ့ထိ ပုံစံကောင်းရရှိနေပါတယ်။ လီဗန်တေးအသင်းအတွက် အဝေးကွင်းမှာ အေတီကိုအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ရခက်နိုင်လို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- အေတီကို ၃ - ၀ လီဗန်တေး

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

**အဲဗာတန်** Vs **ဖူလ်ဟမ်**

ကစားမည့်ရက်/အချိန် ၈-၁၁-၂၀၂၅ (ည ၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖူလ်ဟမ် ၁ - ၃ အဲဗာတန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အဲဗာတန်- ဝေး(ရှုံး) အိမ်(ရှုံး) ဝေး(သရေ)

ဖူလ်ဟမ် - ဝေး(ရှုံး) ဝေး(သရေ) အိမ်(နိုင်)

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားတဲ့ အဲဗာတန်အသင်းအတွက် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ ဖူလ်ဟမ်အသင်းကလဲ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ အဲဗာတန်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- အဲဗာတန် ၂ - ၁ ဖူလ်ဟမ်

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**ကိုဘုန်း(ထုတ်လုပ်)**

သစ်ရွက်လှုပ်သံ၊ ငှက်အော်သံများသည် ကျွန်ုပ်တို့အားလုံး ရင်းနှီးကျွမ်းဝင်သော သဘာဝပတ်ဝန်းကျင်၏ လှုပ်ရှားမှုများပင်ဖြစ်သည်။ ယနေ့ခေတ်တွင် သဘာဝပတ်ဝန်းကျင်သည် လူသားများကြောင့် ပျက်စီးယိုယွင်းလာလျက်ရှိသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့အားလုံး၏ တာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရမည့် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်လာသည်။

**သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်းအကြောင်းရင်းများ**

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းရခြင်းအကြောင်းရင်းများစွာရှိသော်လည်း အဓိကအားဖြင့် အောက်ပါတို့ကြောင့်ဖြစ်သည်။

**တောမီးလောင်ကျွမ်းမှု**

သစ်တောပြုန်းတီးမှုသည် ရာသီဥတုပြောင်းလဲမှုကိုဦးတည်စေပြီး ဇီဝမျိုးစုံမျိုးကွဲများကိုဆုံးရှုံးစေသည်။

**ဓာတ်ငွေ့နှင့် အမှိုက်သရိုက်များ စွန့်ထုတ်မှု**

စက်မှုဇုန်များနှင့် ကားများမှထွက်သော မီးခိုးများသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။

**ပလတ်စတစ်ညစ်ညမ်းမှု**

ပလတ်စတစ်အမှိုက်များသည် မြေထုနှင့်ရေထုကို ညစ်ညမ်းစေပြီး သတ္တဝါများရှင်သန်မှုကို ထိခိုက်စေသည်။

**ရေအရင်းအမြစ်များ ညစ်ညမ်းမှု**

စက်ရုံများမှ စွန့်ပစ်ရေများနှင့် ဓာတ်မြေသြဇာများ စီးဝင်မှုကြောင့် ရေအရင်းအမြစ်များ ညစ်ညမ်းစေသည်။

သို့သော် မိမိတို့၏နေထိုင်မှုနေ့စဉ်ဘဝတွင်လည်း သစ်ပင်စိုက်ပျိုးခြင်း၊ ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်း၊ စွမ်းအင်ချွေတာသုံးစွဲခြင်း၊ အမှိုက်များကို မီးရှို့ခြင်း၊ မြှုပ်ခြင်းမပြုဘဲ သင့်တော်သောနေရာတွင် စွန့်ပစ်ခြင်း၊ ရေကို ချွေတာသုံးစွဲခြင်း စသည့်အချက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်သည်။

လူဦးရေ သန်းနှင့်ချီ၍ နေထိုင်ကြသော မြို့ကြီးများ ကြီးမားကျယ်ပြန့်လာခြင်းက အိမ်ရာပြဿနာ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာပြဿနာ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာပြဿနာ၊ စွမ်းအင်ဆိုင်ရာပြဿနာ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုင်ရာပြဿနာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ စသည်ဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်လာကြရသည်။ ထို့ပြင် လူနေစည်ကားရာနေရာများတွင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လမ်းများ၊ လူသွားစင်္ကြံများ၊ ယာဉ်ရပ်နားနေရာများ၊ ရင်ပြင်များ စသည်တို့ကို တည်ဆောက်ကြခြင်းကြောင့် အပူချိန်မြင့်မားခြင်း၊ အလင်းပြန်ခြင်း၊ အငွေ့နှင့်အမှုန်များ ထုတ်လွှတ်ခြင်းတို့ ပိုမိုဖြစ်ပေါ်စေပြီး လူတို့၏ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာရေးတို့ကို ထိခိုက်စေသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ပိုမိုတိုးပွားလာစေသည်။

မြို့ပြဒေသများတွင် ယာဉ်ယန္တရားများ ပိုမိုသုံးစွဲခြင်း၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ ပိုမိုသုံးစွဲခြင်းတို့ကြောင့် အပူထုတ်လွှတ်မှု ပိုမိုများပြားလာပြီး မြို့ပြ၏လေထုမှာ ပတ်ဝန်းကျင်ထက် ပိုမိုပူနွေးလာသည်။ အဆိုပါ လေထု၊ ရေထု၊ မြေထု၊ အသံ၊ အလင်းစသည့် ညစ်ညမ်းမှုပြဿနာအများအပြားကို ဖြေရှင်းပေးနိုင်သည့် အလွယ်ကူဆုံးနည်းလမ်းမှာ ဒေသအတွင်း သစ်ပင်များ စိုက်ပျိုးခြင်းဖြစ်သည်။ မြို့တွင်းလမ်းမကြီးများ၏ လမ်းလယ်ကျွန်းများ၊ လမ်းဘေးဝဲယာနှင့် လူသွားစင်္ကြံများ၏ ဘေးတစ်လျှောက်တို့တွင် အရိပ်ရပင်များ၊ ခြံစည်းရိုးပင်များ၊ အလှစိုက်ပင်များ၊ မြက်ခင်းများ၊ စိမ်းစိုတောအုပ်ငယ်များစသည်တို့ကို စိုက်ပျိုးပြီး စဉ်ဆက်မပြတ် စိမ်းလန်းစိုပြည်နေအောင် ပြုစုစောင့်ရှောက်ပေးခြင်းအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများကို လျှော့ချနိုင်သည်။

**❖ အရိပ်ရသောသစ်ပင်ကို စိုက်ပျိုးခြင်းဖြင့် လူနှင့်တိရစ္ဆာန်တို့အတွက် နားခိုရာဖြစ်ပေါ်စေသကဲ့သို့ သီးပင်စားပင်များမှလည်း အာဟာရကို ရရှိစေသည်။ ထို့ကြောင့် လူသားတိုင်း သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ကြပြီး စနစ်တကျ စိုက်ပျိုးကြမည်ဆိုပါက နိုင်ငံတစ်ဝန်း မြို့ရွာဒေသပါမကျန် စိမ်းစိုသာယာလှပနေမည်ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ❖**

အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို လူတိုင်းနှစ်သက်ကြသည်။ သစ်ပင်သစ်တောများသည် ကမ္ဘာပေါ်တွင်ရှိသည့် အလွန်အရေးပါပြီး သက်ရှိများရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကိုလည်း လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးနိုင်သည်။ သစ်ပင်သစ်တောများ တည်ရှိခြင်းကြောင့် မိုးရွာသွန်းမှုကိုလည်း ဖြစ်ပေါ်စေသည်။ သစ်ပင်သစ်တောများသည် မိုးရေကိုစုပ်ယူထိန်းသိမ်းထားပြီး မြေအောက်ရေများအဖြစ် ပြန်လည်ရရှိကာ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပေးလျက်ရှိသည်။ သစ်ပင်သစ်တောများက လေဒဏ်မိုးဒဏ်ကို အကာအကွယ်ပေးသည့်အပြင် သစ်မြစ်များက မြေဆီလွှာကို ကုပ်တွယ်ထားသောကြောင့် မြေဆီလွှာဆုံးရှုံးပျက်စီးမှု၊ မြေပြိုမှုများကိုလည်း ထိန်းသိမ်းပေးသည်။ ဤသို့ဖြင့် သစ်ပင်သစ်တောများသည် လူသားများအတွက်သာမက တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် မြေဆီလွှာ၊ ရာသီဥတု၊ လေမုန်တိုင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း နည်းမျိုးစုံဖြင့် ကာကွယ်ပေးနေသဖြင့် သစ်ပင်သစ်တောများကို စိုက်ပျိုးသင့်သည်။

လူသားများ၏ ဆင်ခြင်မဲ့စွာ သစ်ထုတ်လုပ်ခြင်းသည် သစ်တောများပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်တွင် ပါဝင်သည်။ "ထင်းခုတ်ကြ မဆင်မခြင်၊ တောသစ်ပင်တွေပြုန်း"ဆိုသကဲ့သို့ ထင်းမီးသွေးဖုတ်ခြင်းကြောင့် လည်းကောင်း၊ တောမီးလောင်ခြင်းကြောင့်လည်းကောင်း သစ်တောများပြုန်းတီးခြင်းဖြစ်သည်။ သစ်တောများပြုန်းတီးခြင်းကြောင့် မိုးခေါင်ခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းကိုလည်း ဖြစ်ပေါ်စေသည်။ မြေဆီလွှာပြုန်းတီးပျက်စီးမှုများကို ဖြစ်ပေါ်စေသည်။ ထို့ပြင် သစ်ပင်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြို၊ တောင်ပြိုခြင်းများနှင့် ဆေးဖက်ဝင်အပင်များ ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်စေသည်။ လူသားတို့အနေဖြင့် မိမိတို့ကြောင့် ပျက်စီးရသည့် သဘာဝပတ်ဝန်းကျင်များကို မိမိတို့ကပင် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တာဝန်အရှိဆုံးဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းမှာ သဘာဝကိုအခြေခံပြီး ပြဿနာများကိုဖြေရှင်းခြင်း တစ်နည်းအားဖြင့် သစ်ပင်များ စိုက်ပျိုးခြင်းနှင့်သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းပင်ဖြစ်သည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတ ကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပနေကြသည်။

**"သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (LIFE SUPPORTING SYSTEM) အဖြစ်သတ်မှတ်ထားကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက် အထောက်အကူပြုအကျိုးရှိစေမည်ဖြစ်ကြောင်း"** ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သစ်တောရတနာသည် လူသားတို့အတွက် အမှန်တကယ် တန်ဖိုးကြီးမားလှသည်။ သစ်ပင်သစ်တောများမှ ငွေကြေးနှင့်တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအထောက်အပံ့များစွာကိုလည်းရရှိစေသည်။ အရိပ်ရသောသစ်ပင်ကို စိုက်ပျိုးခြင်းဖြင့် လူနှင့်တိရစ္ဆာန်တို့အတွက် နားခိုရာဖြစ်ပေါ်စေသကဲ့သို့ သီးပင်စားပင်များမှလည်း အာဟာရကို ရရှိစေသည်။ ထို့ကြောင့် လူသားတိုင်း သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ကြပြီး စနစ်တကျစိုက်ပျိုးကြမည်ဆိုပါက နိုင်ငံတစ်ဝန်း မြို့ရွာဒေသပါမကျန် စိမ်းစိုသာယာလှပနေမည်ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ သာယာဝပြောရေးအတွက် စီးပွားရေးတိုးတက်မှု၊ လူမှုရေးတည်ငြိမ်မှုတို့သာမက သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ ကျန်းမာသန်စွမ်းသော ဂေဟစနစ်သည် ကျွန်ုပ်တို့၏ လက်ရှိဘဝအရည်အသွေးကို မြှင့်တင်ရုံသာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ရေရှည်တည်တံ့သော လူနေမှုပုံစံကို ရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကို သာယာစိုပြည်သော နေရာတစ်ခုအဖြစ် ဆက်လက်တည်တံ့လိုပါက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန် တာဝန်ရှိသည်။ ဤတာဝန်သည် အစိုးရအပေါ်တွင်သာ မမှီခိုဘဲ နိုင်ငံသားတိုင်းက မိမိ၏တစ်နေ့တာလှုပ်ရှားမှုများတွင် ပတ်ဝန်းကျင်ကို အလေးထားသော အပြုအမူများဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ နောင်လာနောက်သားများ စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းစေလိုပါက ယနေ့မှစ၍ ကျွန်ုပ်တို့ အားလုံး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြရန် တိုက်တွန်းအပ်ပါသည်။

**ကိုးကား**

**- ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ (၁၇-၉-၂၀၂၅)**


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# The Mummy နောက်ဆက်တွဲဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီစီစဉ်ထား




**နယူးယောက် နိုဝင်ဘာ ၆**

The Mummy နောက်ဆက်တွဲဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရန်အတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

The Mummy နောက်ဆက်တွဲ ဇာတ်ကားသစ်တွင် မင်းသား ဘရန်ဒန်ဖရေဆာနှင့် မင်းသမီး ရာချယ်ဝိုက်တို့ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဘရန်ဒန်ဖရေဆာနှင့် ရာချယ်ဝိုက်တို့သည် The Mummy နောက်ဆက်တွဲဇာတ်ကားသစ်၌ ပါဝင်နိုင်ရေးအတွက် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

ဘရန်ဒန်ဖရေဆာနှင့် ရာချယ်ဝိုက်တို့သည် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်ကြား ရိုက်ကူးခဲ့သည့် The Mummy ဇာတ်ကားသုံးကား၌ ပါဝင်ခဲ့သူများဖြစ်ကြကြောင်း သိရသည်။

The Mummy နောက်ဆက်တွဲဇာတ်ကားသစ်ကို ဒါရိုက်တာ မက်ဘက်တီနယ်လီအော်ပင်နှင့် တိုင်လာဂျီးလက်တို့က တာဝန်ယူ ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Mummy ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းစတင်မည့်အချိန်ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# King Snake လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မိုက်ကယ်ရှဲန်နွန်၊ ဒရူးစတာကီနှင့် မာဂရက်ကွာလေတို့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၆**

King Snake အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား မိုက်ကယ်ရှဲန်နွန်၊ ဒရူးစတာကီနှင့် မင်းသမီး မာဂရက်ကွာလေတို့ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

King Snake လျှို့ဝှက်သည်းဖိုဇာတ်ကားသည် အာကင်းဆက်ပြည်နယ် ကျေးလက်ဒေသ၌ လယ်တောတစ်ခု အမွေရရှိခဲ့သော ဇနီးမောင်နှံနှစ်ဦး ရင်ဆိုင်ရမည့် ထူးခြားဆန်းကြယ် အဖြစ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အထက်ပါ ဇနီးမောင်နှံအဖြစ် မင်းသမီး မာဂရက်ကွာလေနှင့် မင်းသား ဒရူးစတာကီတို့က သရုပ်ဆောင်မည်ဖြစ်သည်။

King Snake ဇာတ်ကားကို ဒါရိုက်တာ ဂျက်နစ်ကိုးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

King Snake ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဂျက်နစ်ကိုးကပင် တာဝန်ယူ ရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် King Snake ဇာတ်ကားရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ တေးဂီတဖျော်ဖြေပွဲကို The Round House at Royal Kandawgyi Lake Entertainment presents တွင် ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ The Round House at Royal Kandawgyi Lake Entertainment presents ၌ နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် စည်သူလွင်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို New Direction Music Band တေးဂီအဖွဲ့က အကောင်းဆုံးပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၅ ရက် ညမှာ ကန်တော်ကြီး ကန်ပတ်လမ်းက The Round House at Royal Kandawgyi Lake Entertainment presents မှာ New Direction Music Band နဲ့အတူ




ကိုမျိုးကျော့လဲရှိနေမှာပါ။ သီဆိုဖို့ သီချင်းတွေ အများကြီးပြင်ဆင်ထားပါတယ်။ ဆောင်းဦးရာသီရဲ့ ညနေခင်းလေးကိုတေးသွားတွေနဲ့ အတူတူဖြတ်သန်းနိုင်ဖို့ The Round House at Royal Kandawgyi Lake ရဲ့ သစ်ပင်သစ်ရိပ်တွေ စိမ်းစိုနေတဲ့မြက်ခင်းပြင်ပေါ်မှာ ကျင်းပမဲ့ Autumn Acoustics Night ကနေ ဖိတ်ခေါ်ပါရစေ "ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။

တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ တေးဂီတဖျော်ဖြေပွဲကို The Round House at Royal Kandawgyi Lake Entertainment presents ၌ နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

**ASH**

# The Beatles ရုပ်ရှင်ဇာတ်ကား၌ မင်းသမီးသုံးဦး ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၆**

The Beatles အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး မီရာမက္ကင်နာဘရစ်၊ အင်နာဆာဝီနှင့် အေမီလူဝုဒ်တို့လည်းပါဝင်လာကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

The Beatles ဇာတ်ကား၌ အထက်ပါမင်းသမီးသုံးဦးတို့သည် မင်းသမီး ဆာအော်ဆီရိုနန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Beatles ဇာတ်ကားသည် ကမ္ဘာကျော်အင်္ဂလိပ်ရော့ဂီတဝိုင်းဖြစ်သော The Beatles အဖွဲ့၏ ဖြတ်သန်းမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ဆမ်မင်းဒက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ဘက်တာဝေါ့နှင့် ဂျက်ဆွန်တို့က ရေးသားပေးထားသည်။

The Beatles ဇာတ်ကားကို ၂၀၂၈ ခုနှစ် ဧပြီလတွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ကံဆက်ကန် The Lake ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ နိုဝင်ဘာလဒုတိယပတ်အတွင်းထုတ်လွှင့်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ကံဆက်ကန် The Lake ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ထားသူ အေးမြတ်သူထံမှ သိရသည်။

အဆိုပါ ကံဆက်ကန် The Lake ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို လင်း၊ ယမင်းဖြိုးဝေတို့က ရေးသားထားကြပြီး ဒါရိုက်တာ ထွန်းထက်အာကာဖိုးနှင့် လက်ထောက် ဒါရိုက်တာ ကျော်မျိုးသူတို့က ဖန်တီး ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ CANAL+ က ထုတ်လုပ်တာမို့ Series တိုင်းက လူအင်အားကောင်းကောင်းနဲ့ ရိုက်ချက်တွေကြောင့် ပြသတာတွေထိရောက်မှုရှိတာမို့ လက်ခံရိုက်ဖြစ်တာပါ။ ဇာတ်လမ်းကို ဖတ်ကြည့်ချိန်မှာလဲ ကောင်းတယ်။ MRTV-4 မျိုးဆက်သစ် လူငယ်သရုပ်ဆောင်လေးတွေနဲ့ ပူးပေါင်းရိုက်ကူးထားတာမို့ ပရိသတ်ကြိုက်မဲ့ ဇာတ်လမ်းတွဲဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီဇာတ်ကားမှာ အေးမြတ်သူက အိမ်ထောင်ရှင်တစ်ယောက်အနေနဲ့ ပါဝင်ထားပါတယ်"ဟု သရုပ်ဆောင် အေးမြတ်သူက ပြောပြသည်။

ကံဆက်ကန် The Lake ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ဆု၊ ဟိန်းရတု၊ ဝေယံထက်၊ သက်ထက်၊ ခန့်ကျော်ကောင်း၊ စိုင်းဇေယျ၊ နေဝန်း၊ မင်းမြတ်သုခ၊ ရာဇာထွန်း၊ နေနေဉ်၊ အရိုင်း၊ ထူးသာ၊ ဂျိုကာ၊ အေးမြတ်သူ၊ ဝိုင်းရွှေရည်၊ ဥဩသံသာ၊ ယု၊ လွန်း၊ ပန်ဆု၊ ပန်သုခ၊ ချိုပြုံး၊ ခင်မိုမိုအေး၊ ကလေးသရုပ်ဆောင်ရွှန်းလဲ့ဝတီနိုင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

**ASH**

# A message sent by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 70th Anniversary of Kayin State Day (7 November 2025)

**Esteemed national brethren in the Kayin State,**

I extend my heartfelt greetings with best wishes for physical and mental well-being with prosperity of all national brethren in the Kayin State and all Union-born ethnic people across the country be on the significant occasion of the 70th Anniversary of Kayin State Day today.

The Republic of the Union of Myanmar has been a sovereign country which has been preserving own culture, literature and languages for thousands of years. Historical evidences firmly showcase that all national brethren have been residing in various areas of the country in unison and co-existence.

Kayin ethnics have been living in the Kayin State together with other ethnic nationalities in harmony since yore. Our country lost its independence in 1885 and fell under the rule of colonialists. After losing the independence, all ethnic people residing in all parts of the Union drove out the colonialists and invadors through the spirit not to accept enslavement. After regaining independence, the country formed the divisions and states. In this regard, a plan was initiated to designate the areas where the majority of Kayin ethnic people live as the Kayin State.

After that, in 1952, under the Karen State Expansion and Designation Law No. 14, Kya-in-Seikkyi, Kawkareik, Hpa-an, Hlaingbwe, and Thandaunggyi townships, along with the Thanlwin District and its adjoining areas, were designated as the second stage of expansion, making a total of six townships. According to Section 62 of the Amendment to the Constitution 1951, Papun area of Thanlwin District was designated as the Kayin State. Afterwards, the establishment of the Kayin State was expansioned with six townships namely Kya-in-Seikkyi Township, Kawkareik Township, Hlaingbwe Township, Hpa-an Township and Thandaunggyi Township, along with the Thanlwin District and its adjoining areas, as the second stage expansion of the Kayin State in accord with the 1952 Kayin State Expansion and Designation Act No 14. On 1 March 1960, the township list of the Kayin State was added with the town of Myawady as a township, totalling seven townships. The day marking the birth and emergence of the Kayin State was designated as a pleasant period of the early winter season. Beginning on 7 November 1955, the Kayin State Day has been proudly and grandly celebrated every year, and today marks its 70th anniversary.

Shan, Pa-O, Bamar, Mon and other ethnic nationalities co-exist peacefully and harmoniously with Kayin people in the Kayin State. The Kayin State is located in the southeastern part of the country. It enjoys a moderate and pleasant climate and is endowed with abundant natural resources such as rivers, waterfalls, streams, lush green mountain ranges, and fertile forests. The natural beauty of Mount Zwegabin also stands as one of the prominent symbols of the Kayin State. In addition, the state possesses invaluable ancient heritages, including stupas and temples, beautiful natural caves, and cherished traditional customs and cultural practices—truly matters of pride. The lively and graceful Kayin Don Dance, performed to the beat of the traditional frog drums, is renowned not only within the country but also abroad, particularly in the region where Mount Zwegabin stands as a landmark.

After regaining independence, due to the legacy of the colonialists' policy of divide and rule, misunderstandings arose among the national brethren, leading to armed conflicts that disrupted peace and stability within the Kayin State which is a situation that has persisted until today. In order to achieve and sustain internal peace and the internal peace outcomes, which are the true essence of the State, efforts have been made with great emphasis in accordance with the Nationwide Ceasefire Agreement (NCA). As a result, ethnic armed organizations have signed the agreement and cooperated in implementing peace efforts together.

However, following the 2020 election irregularities, Tatmadaw assumed state responsibilities in accordance with the Constitution. Since then, some ethnic armed organizations, ignoring the truth, have intensified acts of violence including in the Kayin State. As a result, certain areas of the Kayin State that was once peaceful and stable, where local ethnic people had lived freely and securely, have now become unstable. The people are suffering from hardships and insecurity, which is deeply regrettable. Therefore, I would like to urge the relevant stakeholders to view the situation based on the truth and to prioritize efforts for the peace, stability, and prosperity of the state.

Despite challenges, the State will continue striving to ensure full peace, stability, and the rule of law, while further promoting national development. In addition, in line with the Roadmap of the National Defence and Security Council: to implement multiparty democratic system, with the participation of the people, to ensure the success of multiparty democratic general election process and successfully moving towards with the multiparty democratic system aspired by the entire people, efforts are being made to successfully hold the upcoming elections. The Union Election Commission issued Announcement 55/2025 on 18 August 2025 to hold the first phase of the multiparty democratic general election in 1-2 townships for relevant Hluttaw on 28 December 2025. Moreover, the announcement has been issued to hold the second phase of the general election in 100 townships on 11 January 2026 with a plan to release the dates of relevant election phases.

The Union Election Commission is preparing the electoral processes to hold the multiparty democratic general election successfully, in accordance with laws and rules, to ensure it is free, fair, transparent, and conducted it with integrity. These preparations aim to protect the rights of all eligible voters and to guarantee that no one's rights are infringed. For the election to be successful, peace and stability of relevant regions are essential. So, I would like to urge all voter people to actively participate and cooperate in the election process that the multiparty democratic system, which they aspire to, can be successfully realized.

**Esteemed national brethren in the Kayin State,**

In promoting national economic development, efforts are being made to advance related sectors such as education, healthcare, the rule of law, and transportation infrastructures. In carrying out production activities, it is essential to focus on the development and success of micro, small, and medium-sized enterprises (MSMEs), which form the foundation of the economy. If these enterprises can integrate technology and produce higher value-added products, they will bring greater benefits and contribute significantly to national economic growth. By fully supporting MSME activities based on existing agricultural and livestock production throughout the Kayin State, the socioeconomic livelihoods of ethnic communities will improve. Therefore, the governments of states and regions, including the Kayin State, are encouraged to give priority to and actively promote national economic development.

The government in its part is striving to ensure peace and stability of the State as well as develop the country while emphasizing the development of socioecomic life of citizens, good health of all people, and improvement of education standard to secure employments so as to enable all citizens to earn incomes and alleviate poverty. Only when individual ethnic people can enjoy fruits of socioeconomic life will the entire nation develop. As such, I would like to urge all regions and states as well as ministries to adopt visions to be implemented successfully in order to improve socioeconomic life of individuals.

As the State is combating instigations, incitement and dangers of violent destruction posed by terrorist groups which oppose efforts of the State and the government and do not wish to see peace and stability of the country, I would like to deeply urge all the ethnic people to participate in its efforts. The government believes that, together with the people, all ethnic groups can overcome any difficulties, challenges, or crises that may affect the nation and its citizens by working hand in hand, guided by a genuine Union spirit and the patriotism.

**Esteemed national brethren in the Kayin State,**

All national brethren residing in the Kayin State in harmony have to strive for emerhence of the Kayin State which restores better peace and more development. Moreover, I would like to deeply urge all national brethren to make concerted efforts to overcome varieties of difficulties and challenges they face in order to strengthen the genuine, disciplined multiparty democratic system that all the ethnic people aspire to and to build a Union based on democracy and a federal system.

I sent this message with best wishes for all ethnic people residing in the Kayin State to be able to enjoy the fruits of internal peace and stabilty as well as development undertakings from this 70th anniversary occasion of the Kayin State to over the years. May they all shape the Kayin State be peaceful and developed in unity and harmony.

# Dabayin harvests all plantations of groundnut


Farmers harvesting groundnuts in a field.

**Dabayin November 6**

All plantations of groundnut planted during monsoon this year has been harvested in Dabayin Township of Sagaing Region, according to the YeU Distric Agriculture Department.

In Dabayin Township, a total of 35,568 acres of groundnut were cultivated during this year's monsoon cropping season. Harvesting of the cultivated groundnut fields began in August, and as of today, all fields have been fully harvested, with an average yield of 42.02 baskets per acre, according to reports.

"This year, a total of 35,568 acres of groundnut were cultivated in Dabayin Township during the monsoon cropping season. All of the cultivated fields have now been fully harvested. As an oil crop, groundnut production has been successful, and cultivation has been improving year by year," said U Zaw Myint Tun, Head of YeU District Agriculture Department.

In Dabayin Township, one and a half baskets of seeds are used per acre for groundnut cultivation. The production cost per acre—including expenses for seeds, labour, fertilizers, and pesticides—amounts to over K200,000, while the average yield is reported to be over 50 baskets per acre.

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and keep the fields free from weeds, staff from the Township Department of Agriculture conducted field inspections and maintained monitoring records in the cultivated areas, it was learned. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers harvest maize and sweet corns in Shwebo Township

**Shwebo November 6**

Statistics of Shwebo Township Agriculture Department stated that local farmers completed harvest of all sown acreage of maize and sweet corns in Shwebo Township of Sagaing Region this year.

In Shwebo Township, a total of 351 acres of seed maize and 2,421 acres of sweet corn were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all fields have been fully harvested. The seed maize produced an average yield of over 40 baskets per acre, while the sweet corn yielded over 13,000 ears per acre, according to reports.

"This year, during the monsoon cropping season, a total of 2,772 acres of maize crops—both seed maize and sweet corn—were cultivated in Shwebo Township. All of the cultivated fields have now been fully harvested. To ensure successful maize cultivation, we provided farmers with awareness programmes and technical guidance to prevent pest and disease outbreaks," said U San Oo, Head of the Township Department of Agriculture, Shwebo Township.


A large pile of harvested sweet corns.

This year, the Township Department of Agriculture conducted training sessions and field demonstrations for farmers engaged in seed maize and sweet corn cultivation. Farmers were also educated on preventive measures against fall armyworm infestations, the use of integrated pest management systems, and the proper application of pesticides such as neem pesticide, as well as natural repellents made from ginger and chilli, it was learned.

In Shwebo Township, the average yield of maize was over 50 baskets per acre, with production costs of about K500,000 per acre. For sweet corn, the yield averaged about 15,000 ears per acre, with production costs exceeding K500,000 per acre, according to the report. 206

# Plan underway to grow more than 1,000 acres of groundnut in Khamti Township

**Khamti November 6**

Statistics of Khamti Township Agriculture Department of Sagaing Region, local authorities earmarked cultivation of more than 1,000 acres of groundnut as cold season crops in Khamti Township this year.

During the 2025-2026 winter crop season, it is reported that in Khamti Township, a total of 1,605 acres of groundnut are planned to be cultivated, with planting to take place from October to December this year.

"The target for this winter crop season is to grow over 1,000 acres of groundnut in Khamti Township. We will work to ensure the full target acreage is achieved. Groundnut cultivation in the area has been successful, and as an oil crop, it is in a favorable condition. The cultivation of groundnut has been improving year by year," said Daw Su Su Khine, Head of the Khamti Township Department of Agriculture.

In Khamti Township, one and a half baskets of groundnut seeds are used per acre. The total cost per acre, including expenses for seeds, labour charges, fertilizers, and pesticides, is over K200,000. The yield per acre is over 50 baskets.

This year, staff from the Township Department of Agriculture will conduct field inspections of groundnut plantations to ensure successful cultivation, prevent pest and disease outbreaks, and maintain weed-free conditions, while also keeping field inspection records. 206


A groundnut plantation.

# Maubin Township dispatches large volume of broken rice to Yangon market in September

**Maubin November 6**

Merchants from Maubin Township of Ayeyawady Region sent a large volume of broken rice to Yangon market in September, said Daw Aye Myint, the owner of rice and paddy trading depot in Maubin Township.

They sold 52,000 bags of broken rice to Yangon market in August, compared to 68,000 bags in September, due to high demand from Yangon market.

"Broken rice from Maubin Township is mainly transported and sold to the Yangon market. Most of the broken rice sacks are delivered by cargo trucks. Starting from the first week of each month, the demand for broken rice has gradually increased. Rice mill owners have been continuously transporting and selling the broken rice.

As transportation and sales have been going smoothly without difficulties, traders are satisfied," said Daw Aye Myint.

The broken rice sent from Maubin Township to Yangon is priced at around K47,000 per 24-pyi sack. With the rise in the transport and sale of broken rice, rice traders, rice trading house owners, cargo workers, and truck rental operators are all said to be doing well.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## နော်ဝေက NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်ဆက်စပ်အစိတ်အပိုင်းများဝယ်ယူရန် Kongsberg ကုမ္ပဏီနှင့်စာချုပ် ချုပ်ဆို



နော်ဝေနိုင်ငံ၏ လက်နက်ဝယ်ယူရေးအေဂျင်စီသည် လေကြောင်းကာကွယ်ရေးစနစ်၏ စွမ်းဆောင်ရည်နှင့်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် NASAMS လေကြောင်းရန် ကာကွယ်ရေးစနစ်၏ ဆက်စပ်အစိတ်အပိုင်းများ ဝယ်ယူရန် Kongsberg ကာကွယ်ရေးနှင့် အာကာသလုပ်ငန်းကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစာချုပ်တွင် အမေရိကန်ဒေါ်လာ ၉၉ သန်းတန်ဖိုးရှိသော ကွပ်ကဲမှုစနစ်အသစ်များ၊ ယာဉ်တင် (ဘီးတပ်) ဆက်သွယ်ရေးစနစ်များနှင့် အဆင့်မြှင့်တင်ထားသော ရေဒီယိုစက်များ ပါဝင်သည်။

နော်ဝေနိုင်ငံအနေဖြင့် ဤထပ်မံဝယ်ယူမည့်လေကြောင်းရန်ကာကွယ်ရေးစနစ်အစိတ်အပိုင်းများကို ၂၀၂၄ ခုနှစ်က ဝယ်ယူထားသော တပ်ခွဲ ၄ ခွဲစာ NASAMS လက်နက်စနစ်များနှင့်အတူ ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်ပြီး ၎င်းတပ်ခွဲများတွင် နောက်မျိုးဆက်ဒုံးပစ်လောင်ချာစနစ်များ၊ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်များနှင့် အဆင့်မြှင့်တင်ပြုပြင်ထားသော ဒုံးကျည်စနစ်များ တပ်ဖြန့်အသုံးပြုထားပြီးလည်းဖြစ်သည်။

လက်ရှိတွင် အလွန်မြင့်မားသောကြိမ်နှုန်းသုံး(VHF) Multi Role Radio ရေဒီယိုဆက်သွယ်ရေးစက်ကို Kongsberg ထုတ် THOR Combat Net Radio ဖြင့် အစားထိုးမည်ဖြစ်ရာ၊ ၎င်းသည် စွမ်းဆောင်ရည်ပိုမိုမြင့်မားပြီး လုပ်ဆောင်ချက်များ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြှင့်တင်ထားသော ကွပ်ကဲမှုစနစ်များနှင့် ဆက်သွယ်ရေးစနစ်များသည် တိုက်ပွဲဝင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပိုမိုလျင်မြန်စေရန်၊ လုပ်ဆောင်ချက်အရှိန်အဟုန်ကို မြှင့်တင်ရန်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို တိုးမြှင့်ပေးရန်အတွက် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

"ဤပစ္စည်းများ ထောက်ပံ့ရောင်းချမှုသည် နော်ဝေနိုင်ငံကို လက်ရှိနှင့်အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် တီထွင်ထုတ်လုပ်ထားသော NASAMS ၏ နောက်ဆုံးပေါ်မျိုးဆက်ဗားရှင်းကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်"ဟု Kongsberg ကာကွယ်ရေးနှင့်အာကာသလုပ်ငန်းကုမ္ပဏီ ဥက္ကဋ္ဌ Eirik Lie က ပြောကြားခဲ့သည်။

လက်နက်စနစ်နှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများသည် ယာဉ်တင်စနစ်များဖြစ်သည့်အားလျော်စွာ တိုက်ပွဲဝင်အခြေအနေများတွင် လျင်မြန်စွာတပ်ဖြန့်နေရာယူနိုင်ပြီး စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ရာ နော်ဝေ၏လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲများ၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍဆိုင်ရာ ရေရှည်စီမံကိန်းနှင့်အညီ NASAMS စနစ်အသစ်များကို လျင်မြန်စွာပေးအပ်နိုင်ရန်အတွက် ကြာမြင့်စွာကြိုတင်ပြင်ဆင်ရသော စနစ်ခွဲအစိတ်အပိုင်းများကိုလည်း အမှာစာတင်၍ဝယ်ယူရန် ပြင်ဆင်ထားသည်။

နော်ဝေကာကွယ်ရေးဝန်ကြီး Tore O. Sandvik ကလည်း "အစိုးရအနေဖြင့် ကျွန်ုပ်တို့၏ လေကြောင်းရန်ကာကွယ်ရေးကို ခိုင်မာအားကောင်းစေရန် ဦးစားပေးဆောင်ရွက်နေပြီး ဤသဘောတူညီချက်သည် လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းကို တိုးမြှင့်ရန်နှင့် နော်ဝေစစ်ဘက်၏ အခြားအင်အားစုများနှင့် အရေးပါသောအခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်"ဟု ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံ၏ NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ခရိုနာ ၁ ဘီလီယံတန်ဖိုးရှိ အဆင့်မြှင့်တင်မှုစာချုပ်သည် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ရေရှည်ကာကွယ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယင်းစာချုပ်တွင် ကွပ်ကဲမှုစနစ်၊ ယာဉ်တင်ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုစက်အသစ်များပါဝင်ခြင်းက ဆုံးဖြတ်ချက်ချမှတ်မှုအရှိန်အဟုန်နှင့် စနစ်၏ရှင်သန်နိုင်စွမ်းကို အဓိကထားတိုးမြှင့်လိုကြောင်း ထင်ရှားစေလျက်ရှိသည်။ အဆင့်မြှင့်တင်ထားသော မိုဘိုင်းစနစ်များက တိုက်ပွဲဝင်အခြေအနေများတွင် လျင်မြန်စွာတပ်ဖြန့်နေရာယူနိုင်မှုနှင့် စစ်ဆင်ရေးပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ကို ပိုမိုကောင်းမွန်စေသည်။ ပြည်တွင်းကုမ္ပဏီ Kongsberg နှင့် စာချုပ်ချုပ်ဆိုခြင်းသည် နော်ဝေ၏စက်မှုလုံခြုံရေးကိုခိုင်မာစေခြင်းအပြင် NASAMS ၏ နောက်ဆုံးပေါ်မျိုးဆက်ဗားရှင်းကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**Norway Expands NASAMS Capa–bilities With New Kongsberg Contract** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီက ယန္တရားတင်တပ်မဟာအတွက် တိုက်ခိုက်ရေးဒရုန်းအစင်းရေ ၁၂၀၀၀ ကို ပြည်တွင်းကုမ္ပဏီများထံမှ ဝယ်ယူရန်စီစဉ်နေ

ဂျာမနီအစိုးရသည် လစ်သူယေးနီးယားနိုင်ငံ၌ အခြေစိုက်တပ်စွဲမည့် ယန္တရားတင်တပ်မဟာသစ်တွင် လက်နက်တပ်ဆင်ပေးရန်အတွက် ပြည်တွင်းကုမ္ပဏီများထံမှ တိုက်ခိုက်ရေးဒရုန်းအစင်းရေ ၁၂၀၀၀ ဝယ်ယူရန်စီစဉ်နေကြောင်း The Defense Post သတင်းဌာနမှ နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်တွင်းကုမ္ပဏီ သုံးခုထံမှ ဤဝယ်ယူမှုတွင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၇၃ သန်းကို ကနဦးအဆိုပြုတင်ပြထားပြီး ဝယ်ယူရေးစာချုပ်ကို ယခုနှစ်တွင် အပြီးသတ်လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားသည်။

၂၀၂၇ ခုနှစ်တွင် ယန္တရားတင်တပ်မဟာသစ်သည် စစ်ဆင်ရေးအတွက် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်ရန် ယခုနှစ်တွင် စာချုပ်ချုပ်ဆိုနိုင်မှသာ ၂၀၂၆ ခုနှစ်တွင် ဒရုန်းများ ပေးပို့နိုင်ပြီး လိုအပ်သည့် လေ့ကျင့်မှုများစတင်နိုင်မည်ဟု လွှတ်တော်ဘတ်ဂျက်ကော်မတီ၏ အကြံပြုချက်ကိုကိုးကား၍ ဂျာမနီနိုင်ငံ Hartpunkt သတင်းဌာနက ရေးသားဖော်ပြထားသည်။

တိုက်ခိုက်ရေးဒရုန်းများကို ရောင်းချပေးမည့် ကုမ္ပဏီသုံးခုအနက် Helsing နှင့် Stark ကုမ္ပဏီနှစ်ခုထံ စမ်းသပ်မှုများအတွက် တာဝန်ပေးအပ်ထားပြီးဖြစ်ကာ၊ နောက်ထပ်ကုမ္ပဏီတစ်ခုမှာ Rhein–metall ဖြစ်ကြောင်း ဂျာမနီသတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

Financial Times ၏ သတင်းဌာနအဆိုအရ စုစုပေါင်းဝယ်ယူမှု၏ ကနဦးအဆင့်အတွက် ဒရုန်းအစင်း ၁၀၀၀၀ ကို ပေးပို့ရန် ကုမ္ပဏီတစ်ခုစီသည် အမေရိကန်ဒေါ်လာ ၃၄၆ သန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

မှာယူထားသည့် ဒရုန်းတစ်ဝက်ကို Helsing ကုမ္ပဏီမှ ထုတ်လုပ်မည်ဖြစ်ပြီး၊ ၎င်း၏ HX–2 ဒရုန်းအမျိုးအစားသည် ကုန်ကျစရိတ် သက်သာသောကြောင့် အများဆုံးဝေစုကို ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ကျန်ရှိသည့် ဒရုန်းများကို Stark ကုမ္ပဏီ၏ Virtus ဒရုန်းဖြင့် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကာ Rheinmetall ကုမ္ပဏီထုတ် FV–104 ဒရုန်းသည် ဈေးအကြီးဆုံးဟု သိရသည်။

ဒရုန်းအားလုံးသည် အလိုအလျောက်နှင့် အော်ပရေတာ ပေါင်းစည်းလုပ်ဆောင်နိုင်သည့် semi–autonomous systems (လူနှင့်စက်အလိုအလျောက်လုပ်သောစနစ်) များဖြစ်ကြပြီး အကွာအဝေး ၁၀၀ ကီလိုမီတာကျော်ထိ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ လမ်းညွှန်မှုနှင့် ပစ်မှတ်ရှာဖွေမှုအတွက် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုသွားမည်ဖြစ်ကာ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ကို မူ အော်ပရေတာများက ထိန်းသိမ်းထားမည်ဖြစ်သည်။



ပြည်တွင်းကုမ္ပဏီသုံးခုကို စာချုပ်ခွဲဝေပေးခဲ့ခြင်းသည် စီမံကိန်းဆိုင်ရာ အကောင်အထည်ဖော်ရာတွင် စွန့်စားရမှုများလျှော့ချရန်ရည်ရွယ်ပြီး အနည်းဆုံး တိုက်ခိုက်ရေး ဒရုန်းစနစ်တစ်ခုသည် ခေတ်မီ၊ အဆင့်မြှင့်နေစေရန် မျှော်မှန်းထားသည်။ ထို့ပြင် ပြည်တွင်းကုမ္ပဏီများနှင့် ဝယ်ယူရေးသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ဂျာမနီနိုင်ငံ၏ နည်းပညာ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကို အာမခံနိုင်ရန်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Germany Plans Procurement of 12,000 Strike Drones for Brigade in Lithuania** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၁၃၃၃၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၃၃၃၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၈၈၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၃၃၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်းဧက ၁၈၈၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၃၃၃၃ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဝါးခယ်မ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သော အောက်တိုဘာလအတွင်း နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း နှံကားစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း နှံကားစပါး တင်းရေ ၇၀၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၁၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလကထက် အောက်တိုဘာလအတွင်းမှာ စပါးတင်းရေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ နိုဝင်ဘာလထဲမှာလဲ နှံကားစပါးကို အများအပြားဝယ်ယူဖို့ ကမ်းလှမ်းမှုတွေရှိပါတယ်။ အခုလိုစပါးတွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန် တင်ပို့တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး စပါးစိုက်ပျိုးသူတွေလဲ အဆင်ပြေလာပါတယ်"ဟုဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် လယ်ယာထွက်ကုန် နှံကားစပါးများအပါအဝင် အခြားလယ်ယာထွက်ကုန်ပစ္စည်းများကို လုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ကာ ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချလျက် ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများကို ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း ဝါးခယ်မမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ရေကြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တောင်လယ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းစာစောင်ပါ လမ်းညွှန်ချက်များ၊စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်လယ်ကျေးရွာနှင့် ရွာသစ်ကုန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦး ကို ရန်ပုံငွေကျပ် ၅၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

ဇင်မာ

# လှိုင်းဘွဲ့မြို့နယ် ဆိပ်ဖူးကုန်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**လှိုင်းဘွဲ့ နိုဝင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆိပ်ဖူးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဆိပ်ဖူးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၂၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ဦးစားပေး ထုတ်ချေးပေးမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

ကိုသက်


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



သဝဏ်လွှာမှအဆက်

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းကပင် အခြားပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ကျရောက်ခဲ့ရသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွရယူခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းနှင့်ပြည်နယ်များဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစုနေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ် ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့်တိုးချဲ့သတ်မှတ်ခဲ့ပြီး ခြောက်မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ် ၁ ရက်တွင် မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် ခုနစ်မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်ခဲ့သည့်နေ့ ရာသီအချိန်အခါအရ ဆောင်းဦးကာလ၊ သာယာသည့်အချိန်အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစတင်၍ ကရင်ပြည်နယ်နေ့ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာဂုဏ်ယူကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွချစ်ကြည်အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့်တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုအဖြစ်တည်ရှိပါသည်။ ထို့ပြင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသောသဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာ နေရာအထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါထင်ရှားပါသည်။

**ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလို . . .**

**နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲအကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကို မဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟုယုံကြည် . . .**

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုအမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များ အချင်းချင်းအထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ်မဲမသမာမှုများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမှန်တရားကိုမျက်ကွယ်ပြု၍ အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်မှာ ကရင်ပြည်နယ်အပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် ယခင်က တည်ငြိမ်အေးချမ်းမှုရှိခဲ့ပြီး တိုင်းရင်းသားပြည်သူများအေးချမ်းလွတ်လပ်စွာသွားလာနေထိုင်ခဲ့သည့် ကရင်ပြည်နယ်ဒေသအချို့မှာ ယခုအခါတည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ပြည်သူများဆင်းရဲဒုက္ခခံစားနေရသည်မှာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် အမှန်ကိုအမှန်အတိုင်း ရှုမြင်ပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါဖြစ်ကြောင်း သက်ဆိုင်သူများအား အသိပေးပြောကြားလိုပါသည်။

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ ထို့ပြင်“**ပါတီစုံဒီမိုကရေစီအထွေထွေ**

**ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး** ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ် (၇)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများမြင့်မားတိုးတက်စေရေးအတွက် မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များချမှတ်၍ ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသား လူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့ထိ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေး

**စနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေပြီဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂မြို့နယ်၌ စတင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀မြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကာ ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသောအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲအောင်မြင်ရန်မှာ ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းပြောကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်စေရေးစသည့်လုပ်ငန်းရပ်များကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများတိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကိုထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကိုတိုးတက်စေမည်ဖြစ်ပါသည်။ **ကရင်ပြည်နယ်အတွင်းအခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလို**ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများတိုးတက်စေရေး၊ လူတိုင်းကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲမှု လျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။ **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့် လူမျိုးအပေါ်ကျရောက်လာမည့် မည်သည့်အခက်အခဲအကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်**ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် **ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော နိုင်ငံတော်**

**ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော နိုင်ငံတော်ကြီးကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း . . .**

**ကြီးကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း**အပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော နှစ် ၇၀ ပြည့် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ၊ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဂုဏ်ယူဖွယ်ရာ ပြည်နယ်ကြီးအဖြစ်တည်ရှိနေစေရေး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

---

ဘွဲ့ ၄၉၇၇ ဦး၊ ဆရာအတတ်သင်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်းဘွဲ့ရပညာတတ်တိုင်းရင်းသားလူငယ် ၁၄၆၉၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားပို့ချပေးလိုက်သည့်ပညာရပ်များကို စဉ်ဆက်မပြတ်တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့သင်ကြားပြုစုပျိုးထောင်ရမည့် ကျောင်းသားလူငယ်များကို စာပေပညာရပ်များအပြင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ပြည်ထောင်စုစိတ်ဓာတ်အစဉ်ထာဝရ ကိန်းအောင်းရှင်သန်နေစေရေး၊ ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်များ မှန်ကန်မြင့်မားစေရေး၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်မှုရှိစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့်ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ဆရာဆိုသည်မှာ ပညာပေးဝေသူဖြစ်ပြီး ပညာရှာမှီးနေသူများလည်းဖြစ်ရန်လိုအပ်ပါကြောင်း၊ တပည့်များ၏အကျိုးကိုအစဉ်ရှေးရှုပြီး ကောင်းမွန်ရာကိုလမ်းညွှန်သွန်သင်ပြသပေးနိုင်သည့် ဆရာကောင်းများကသာ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့်ပြည်သူများက အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် အစဉ်နှလုံးသွင်းပြီး ပေးအပ်သောတာဝန်များကို တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန်ဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(သိပ္ပံတွဲ) နှင့် စာပေဘာသာထူးချွန်ဆု(ဝိပ္ပံတွဲ)ဆုရရှိသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စာပေဘာသာထူးချွန်ဆုရ(ဝိဇ္ဇာတွဲ)၊ တိုင်းရင်းသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှုထူးချွန်ဆုနှင့် ဖွံ့ဖြိုးရေးဘာသာထူးချွန်ဆု ရရှိသူများကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးတို့က အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိသူများကိုတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများနှင့် တွေ့ဆုံ၍ ပါမောက္ခချုပ်က တက္ကသိုလ်၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေ၊ မီးရရှိမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍တင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှု၊ကျောင်းသား၊ကျောင်းသူများ၏ဘာသာရပ်အလိုက်လေ့ကျင့်သင်ကြားနေမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ အခြေခံစစ်ပညာသင်တန်းလေ့ကျင့်သင်ကြားနေမှု၊ ပွဲကြည့်စင်နှင့် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ထားရှိမှု၊ မိုးလုံလေလုံအားကစားခန်းမ၌ ဘော်လီဘောလေ့ကျင့်နေမှု၊ အိပ်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် UNOPS အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့်UNOPSအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ စားသောက်ဖွယ်ရာများ ပေးအပ်




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၈ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်အောင်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးသန့်စင်လွင် | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) | ဦးသိုက်စိုး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

☆ ကျောဖုံးမှအဆက်

အကြမ်းဖက်သမားများကို နှိမ်နင်း၍ မြို့ရွာဒေသများကို တည်ငြိမ်အေးချမ်းစေရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ပေးခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး ဘင်ခရာအဖွဲ့များ၊ ရှမ်းရိုးရာအကအဖွဲ့များနှင့် အိုးစည်ဒိုးပတ်အဖွဲ့များကလည်း အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုကြစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၄၉ ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်






ရန်ကုန် နိုဝင်ဘာ ၆

၄၉ ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း (ASEAN Ports Association) နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Wyndam Grand Yangon Hotel ၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းဘက်ဆိုင်ရာဦးစီးဌာန လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အာဆီယံဆိပ်ကမ်းများအသင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများ၊ ပုဂ္ဂလိကဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဆိပ်ကမ်းများအသင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ ကိုယ်စားလှယ်ခေါင်းဆောင်များကို သီးသန့်လက်ခံတွေ့ဆုံသည်။

အစည်းအဝေး ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ဧည့်သည်တော်ကြီးများအားလုံးကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အသင်းဝင်နိုင်ငံအများစုက လူကိုယ်တိုင်တက်ရောက်ပေးကြသည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုအစည်းအဝေးကို အာဆီယံ၏ဆောင်ပုဒ်ဖြစ်သော "One Vision, One Identity, One Community" အရ အာဆီယံဆိပ်ကမ်းလုပ်ငန်းအသိုက်အဝန်းအတွင်း ဘုံအကျိုးစီးပွားဖြစ်ထွန်းရေးနှင့်ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ အတူတကွလျှောက်လှမ်းနိုင်ရေး ရည်မှန်းချက်များဖြင့် အာဆီယံဆိပ်ကမ်းများအသင်း၏ "Navigating Together, Sustainable Forever" ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းများသည် အာဆီယံဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများဖြစ်ကြကြောင်း၊ ယခုအစည်းအဝေးတွင် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကွန်ရက် ပိုမိုအားကောင်းလာစေရေး၊ ဆိပ်ကမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် လက်တွေ့ကျသောမဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို ဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ဒေသတွင်း ဆိပ်ကမ်းများအကြား ချိတ်ဆက်မှု (Connectivity)နှင့် စွမ်းဆောင်ရည် (Performance) ပိုမိုကောင်းမွန်စေရေးအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)၊ ဆန်းသစ်တီထွင်ခြင်း(Innovation)၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Decarbon-ization)နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း (Human Resource Development)တို့ကို အသင်းဝင်နိုင်ငံအသီးသီးက ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယခုအစည်းအဝေးတွင် နိုင်ငံအလိုက်အတွေ့အကြုံကောင်းများကို မျှဝေခြင်းဖြင့် အပြန်အလှန်အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဧည့်သည်တော်ကြီးများအနေဖြင့် ရန်ကုန်မြို့တွင် ရောက်ရှိနေထိုင်ကြစဉ်ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာလူမျိုးများ၏ နွေးထွေးပျူငှာမှုတို့ကိုခံစားရင်း ပျော်ရွှင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားသည်။

ယင်းနောက် အာဆီယံဆိပ်ကမ်းများအသင်း၏ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံမှ Capt. Basza Alexzandar Basri က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က အနှစ်ချုပ်အမှာစကားပြောကြားသည်။

အာဆီယံဆိပ်ကမ်းများ အသင်းကို ၁၉၇၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်၍ နှစ် ၅၀ ရွှေရတုကို ကျော်လွန်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် အသင်းဝင်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ယခုအခါ အသင်းကြီးတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် အဖွဲ့ဝင် ကိုးနိုင်ငံပါဝင်ပြီး ဒေသတွင်း ဆိပ်ကမ်းလုပ်ငန်းအသိုက်အဝန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်ရှိ အခြေခံပညာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တွေ့ဆုံ




နေပြည်တော် နိုဝင်ဘာ ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောက်မဲမြို့နယ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အဓိကအလေးထား အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍကို မြှင့်တင်ရန် KG မှ Grade -12 ထိ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ပြီးမြောက်ပြီး တက္ကသိုလ်အဆင့် ပြီးမြောက်သည်ထိ တက်ရောက်ရေးသည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်ပါကြောင်း။

Grade-12 အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးသည် ပညာရေးဝန်ကြီးဌာန တစ်ခုတည်း ဆောင်ရွက်၍မရဘဲ ဆရာ၊ ဆရာမများ၊ မိဘများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိဘများအနေဖြင့် မိမိတို့၏သားသမီးများ ကျောင်းပြင်ပသို့ရောက်ရှိချိန်တွင် ကာယဗလ၊ စာရိတ္တများကောင်းမွန်စေရန် သွန်သင်ဆုံးမ ပေးကြစေလိုပါကြောင်း၊ Grade -9 အောင်မြင်ပြီးသည့်အခါတွင် Grade -12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းမှ အဆင့်မြင့် စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည်ဖြစ်ပါကြောင်း။

သင်ကြားရေးနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများသည် အဓိကအရေးကြီးပါကြောင်း၊ နွေရာသီရောက်ရှိပါက သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများက ပို့ချမည့် သင်တန်းများသို့ တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိသူများအနေဖြင့် မြန်မာ့ပညာရေးရုပ်သံတွင် သင်ကြားပို့ချလျက်ရှိသည့် သင်ခန်းစာများမှတစ်ဆင့် လေ့လာသင်ယူနိုင်ပါကြောင်း၊ ပညာရေးကဏ္ဍတိုးတက်လာစေရေး ဆရာ၊ ဆရာမများ၊ မိဘများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထပ်မံဖွင့်လှစ်ရန်ကျန်ရှိသည့်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆရာ၊ ဆရာမများ၊ မိဘများက ကျောင်းအပ်လက်ခံနိုင်ရေး သိရှိလိုသည်များနှင့် လိုအပ်လျက်ရှိသည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောပိုးအိတ်များကို ပေးအပ်ရာ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် မြို့နယ်ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မူလတန်းကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ သင်ယူနေမှုများကို ကြည့်ရှုအားပေးကာ ကျောပိုးအိတ်များ ပေးအပ်ပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ နောင်ချိုမြို့နယ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများကို ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများအတွင်း ကြည့်ရှုပြီး မူလတန်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောပိုးအိတ်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(အုမ္မသီး)သို့ရောက်ရှိပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့ရှေ့ဆောင်ပါတီ(PPP) က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၆

**ပြည်သူ့ရှေ့ဆောင်ပါတီ PEOPLE'S PIONEER PARTY (PPP) ဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါက်တာသက်သက်ခိုင် (ဥက္ကဋ္ဌ၊ ပြည်သူ့ရှေ့ဆောင်ပါတီ PEOPLE'S PIONEER PARTY(PPP))**

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ပီသုံးလုံးပါတီလို့လူသိများတဲ့ ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ မူဝါဒနဲ့ လုပ်ငန်းစဉ်များကိုအခြေပြုပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ (Programmatic Party) ဖြစ်ပါတယ်။ ပါတီရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝ အဓိက၊ ငြိမ်းချမ်းလုံခြုံစွာ ကြီးပွားကြ" ဆိုတဲ့အတိုင်း ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းမွန်တဲ့အနာဂတ်တည်ဆောက်ဖို့ ချမှတ်ထားတဲ့မူဝါဒများနဲ့ လုပ်ငန်းစဉ်များကို ရက် ၁၀၀ စီမံချက်၊ တစ်နှစ်နဲ့ ငါးနှစ် စီမံချက်များအဖြစ် စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

ကျွန်မတို့မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကစပြီး ၂၀၂၂ ခုနှစ်နှောင်းပိုင်းအထိခံစားခဲ့ရတဲ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဘေးကြီးမပြီးဆုံးခင်မှာဘဲ နိုင်ငံရေးအပြောင်းအလဲများနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ တစ်ဆက်တည်းဆိုသလိုပဲ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂိမုန်တိုင်းကြောင့် ရေကြီးရေလျှံခြင်း၊ ၂၀၂၅ ခုနှစ် မတ်လမှာ မန္တလေးငလျင်ကြီးဒဏ်တို့ကို ပြင်းထန်စွာခံစားခဲ့ကြရပါတယ်။ ဒ့ါအပြင် လျှပ်စစ်မီးမလုံလောက်မှုနဲ့ ကုန်ကြမ်းတင်သွင်းမှု အကန့်အသတ်များကြောင့် ပြည်တွင်းစိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်မှု စရိတ်စကများကြီးမြင့်လာပါတယ်။ လုံခြုံရေးစိန်ခေါ်မှုများနဲ့ တရားမဝင်ဂိတ်များဖွင့်လှစ်ထားခြင်းကြောင့် သယ်ယူပို့ဆောင်စရိတ်တွေ မြင့်တက်လာလို့ ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်လာတာကို ပြည်သူတစ်ရပ်လုံး ခါးစည်းခံနေကြရပါတယ်။

နိုင်ငံရေးမှာလည်း ပြည်သူများအကြား စည်းလုံးညီညွတ်မှုပြိုကွဲပြီး ပဋိပက္ခများကြောင့် လုံခြုံရေးစိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေကြရလို့ ငြိမ်းချမ်းစွာနေထိုင်လိုကြကြောင်း ပြင်းပြတဲ့ဆန္ဒများ ပြည်သူတစ်ရပ်လုံးမှာရှိနေတာကိုတွေ့ရပါတယ်။ ပြည်သူ့ရှေ့ဆောင်ပါတီအနေနဲ့ လူထုဘဝများငြိမ်းချမ်းလုံခြုံစွာရှိဖို့အတွက် ထာဝရငြိမ်းချမ်းရေးကိုရှေးရှုတဲ့ ပဋိပက္ခများလျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ ပဋိပက္ခတွေအကြားမှာ လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာလို့ ကျေးလက်က မြို့ပေါ်၊ ပြည်တွင်းက ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူ များပြားလျက်ရှိပါတယ်။ လူမှုကွန်ရက်ပေါ်က ရိုက်ခတ်လာတဲ့ အမြင်မတူ၊ ခွဲခြားဆက်ဆံခံရမှုများကြောင့် ယနေ့လူငယ်မျိုးဆက်သစ်များရဲ့အနာဂတ် မရေရာမှုကြောင့် ကမ္ဘာ့အလယ်မှာ မျက်နှာငယ်စရာတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ပြည်သူလူထုကြီးရှင့် ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီရဲ့ ၂၀၂၅ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အပိုင်း သုံးပိုင်းနဲ့ တင်ပြထားပါတယ်။ ပထမပိုင်းအနေနဲ့ "လူထုဘဝ အဓိက" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အိမ်ထောင်စုတိုင်းအတွက် အမြန်ဆုံးအကျိုးရှိနိုင်မည့် အောက်ပါ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(က) ပထမဦးစွာ ပြည်သူတစ်ရပ်လုံးရဲ့ဝင်ငွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်စေဖို့ လူထုဘဝအတွက် အဓိကကျတဲ့ စိန်ခေါ်မှုကြီးဖြစ်တဲ့ ကုန်ဈေးနှုန်း အမြန်ဆုံးကျဆင်းရေးကို တစ်ဖက်က ဆောင်ရွက်သလို လူထုရဲ့ဝင်ငွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ဖို့ ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့လူငယ်တိုင်း အလွယ်တကူအလုပ်ရှာဖွေနိုင်ဖို့၊ အခြေခံလုပ်သားများအားလုံး လုပ်ခသင့်ပြီး လုပ်သာတဲ့ လစာရရှိဖို့ အလုပ်ရှင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တောင်သူများ ဝင်ငွေတိုးနိုင်မယ့် မျိုးစေ့၊ နည်းပညာ၊ ချေးငွေ လုံလောက်စွာပံ့ပိုးပေးခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးကိုအားပေးခြင်းဖြင့် ပြည်သူများ အပိုဝင်ငွေရရှိစေခြင်း၊ ရွှေ့ပြောင်းလုပ်သားနှင့် ပြည်ပရောက်မြန်မာများက မိသားစုထံ ကောင်းမွန်လွယ်ကူတဲ့ ငွေလွှဲဝန်ဆောင်မှုနည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဝင်ငွေနည်းအိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ ထိခိုက်နစ်နာလွယ်သူများထံ တိုက်ရိုက်ထောက်ပံ့ပေးနိုင်မယ့်အစီအစဉ်များကိုလည်း စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ ဒ့ါအပြင် နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး အလုပ်လုပ်ပေးနေကြတဲ့ ဝန်ထမ်းများ၊ အထူးသဖြင့် နယ်စွန်နယ်ဖျားပဋိပက္ခတွေအကြားမှာ သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း ရှားပါးစရိတ်တိုးမြှင့်ထောက်ပံ့ဖို့၊ စွမ်းဆောင်ရည်၊ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံအလိုက် ထိုက်တန်တဲ့ခံစားခွင့်နဲ့ ရာထူးတိုးခွင့် စဉ်းစားပေးဖို့၊ နောင်ရေးအာမခံချက်ရှိစေမယ့် ဆုငွေ၊ အိမ်ရာ၊ ပင်စင်၊ အာမခံ၊ ပညာတော်သင်နဲ့ အပိုဆုကြေးစနစ်များထူထောင်ပေးဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ အခွန်ထမ်းပြည်သူတိုင်း အိမ်ရာပိုင်ဆိုင်နိုင်ဖို့ နှစ်ရှည်ချေးငွေစနစ်နဲ့ အိမ်ဝယ်ပိုင်ခွင့်၊ လုပ်သားများအတွက် အငှားအိမ်ရာစနစ်ခံစားပိုင်ခွင့်၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် အိမ်ရာစီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံလိုရင် နှစ်ရှည် အိမ်ရာချေးငွေလျှောက်ထားခွင့်များကို စနစ်တကျချမှတ်ဆောင်ရွက်လျက် အိမ်ခြံမြေနဲ့ ဆောက်လုပ်ရေးကဏ္ဍများအတွက် ဝယ်လိုအားကို မြှင့်တင်သွားမှာဖြစ်ပါတယ်ရှင်။

(ခ) သဘာဝဘေးနှင့် ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေးတို့ကို ပူးတွဲဆောင်ရွက်တဲ့နေရာမှာ ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအထောက်အပံ့များ ထိရောက်စွာ ပံ့ပိုးနိုင်ဖို့ ပရဟိတနဲ့ အရပ်ဘက်အဖွဲ့အစည်းများကတစ်ဆင့် ပြည်သူရဲ့ယုံကြည်မှုကို တည်ဆောက်ရင်း ပြန်လည်ရင်ကြားစေ့ရေးကိုပါ တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) ရေတိုအထောက်အပံ့ပေးရုံသာမက ပဋိပက္ခနဲ့ သဘာဝဘေးဒဏ်သင့်ဒေသများရှိ အခြေခံပြည်သူများ၏ ဝင်ငွေ၊ အလုပ်အကိုင်နဲ့ လူနေမှုအဆင့်အတန်းများ မြင့်မားရေးအတွက်လည်း ဘေးသင့်ဒေသတွေမှာ ကျောင်း၊ ဆေးရုံနဲ့ လူမှုရေးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းကို Cash-for-work နဲ့ Cash-for-skill program ပုံစံများဖြင့် ဘေးသင့်ပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးပြီး ပြန်လည်နေရာချထားရေးကိုပါ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဃ) ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍများမှာဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဘဏ္ဍာရေးဖြည့်ဆည်းမှုအုတ်မြစ်ချနိုင်ဖို့နဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျောင်းတွင်းအာဟာရနဲ့ အားကစားပံ့ပိုးမှုများ၊ ကျွမ်းကျင်မှုနဲ့ လုပ်ငန်းခွင်အဆင်သင့်ဖြစ်စေမည့်သင်တန်းများ၊ ပညာရေးထောက်ပံ့မှုနဲ့ ချေးငွေဝန်ဆောင်မှုများ၊ စံပြလူငယ်၊ လူရည်ချွန်နဲ့ ပရဟိတလူငယ်စွမ်းဆောင်ရှင်အစီအစဉ်များ၊ ၂၁-ရာစု ခေါင်းဆောင်မှုကိုရယူနိုင်မယ့် အဆင့်မြင့်ပညာရေး၊ စီးပွားရေး ရှေ့အလားအလာများနဲ့ ကိုက်ညီမယ့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ သိပ္ပံ၊ နည်းပညာနဲ့ AI ဘာသာရပ်များဖြင့် စက်မှုအဆင့် ၅.၀ သို့ ချဉ်းကပ်ရေးတို့ကို ဖောက်ချဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူလူထုကြီးရှင့် ဒုတိယပိုင်းအနေနဲ့ ပြည်သူလူထု ငြိမ်းချမ်းလုံခြုံဖို့ အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) အပစ်အခတ် ရပ်စဲ၍ ငြိမ်းချမ်းရေး အသီးအပွင့်များအားလုံးညီမျှစွာ ခံစားနိုင်ရေးအတွက် တိုင်းရင်းသားများအကြား စိတ်ဝမ်းမကွဲဘဲ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ ပြည်နယ်များနဲ့ နယ်စပ်များအကြား စီးပွားရေးချိတ်ဆက်မှုများနဲ့ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ခ) ပဋိပက္ခများလျှော့ချရေး၊ ဆွေးနွေးညှိနှိုင်းရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ပဋိပက္ခဇာစ်မြစ်များကို စီမံခန့်ခွဲခြင်း၊ သက်ဆိုင်သူအားလုံးနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ ငြိမ်းချမ်းရေးအထောက်အကူပြု စီးပွားချိတ်ဆက်မှုစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မယ့် တပ်မတော်အားခေတ်မီဆန်းသစ်အင်အားပြည့်ဝစေရေးနဲ့ ကောင်းမွန်သော အရပ်ဘက်-တပ်ဘက်ဆက်ဆံရေးများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) သင်ပုန်းချေရေး၊ လက်စားမချေရေး၊ တရားမျှတရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ဆိုရင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာခံရမှုများအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး အစီအစဉ်တစ်ရပ်ချမှတ်ဆောင်ရွက်ပြီး နိုင်ငံတကာတရားရုံးတွေမှာ တစ်ဖက်သတ်စွပ်စွဲချက်များနဲ့ တရားစွဲဆိုထားတဲ့အမှုများကို တာဝန်ယူဖြေရှင်းသွားမှာဖြစ်ပါတယ်ရှင်။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနဲ့ပတ်သက်လို့ စာပေ၊ ယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးတို့အတွက် မိခင်တိုင်းရင်းသားဘာသာစကား သင်ကြားပိုင်ခွင့်အပါအဝင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနဲ့ လိုက်လျောညီထွေဖြစ်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တိတိကျကျ ဖော်ထုတ်မြှင့်တင်သွားမှာဖြစ်ပါတယ်။

(င) ဒီမိုကရေစီရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်တွေ့အကျိုးပြုမယ့် ဒီမိုကရေစီ၊ ဝန်ဆောင်မှုကောင်းတဲ့ ပြည်သူ့အုပ်ချုပ်ရေး၊ စိတ်ချလုံခြုံစေမယ့် တရားဥပဒေစိုးမိုးရေး၊ ကျင့်ဝတ်လိုက်နာတဲ့ မီဒီယာ၊ လက်တွေ့ အမြန်အကောင်အထည်ဖော်နိုင်မယ့် ပုဒ်မ ၂၆၁ နဲ့ ဇယား ၁၊ ၂၊ ၅ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

ပြည်သူလူထုကြီးရှင့် တတိယပိုင်းအနေနဲ့ ပြည်သူတွေရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်သလောက် ကြီးပွားတိုးတက်နိုင်မယ့်၊ အခြေခံဥပဒေမှာလည်း အတိအလင်းပြဋ္ဌာန်းထားတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ထူမပေးပြီး အရှိန်အဟုန်နဲ့ မြှင့်တင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံသားတိုင်းရဲ့ဝင်ငွေနဲ့ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းကို ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေဖို့ အစိုးရနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍများရဲ့ သီးခြားတာဝန်များနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်တာဝန်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ပေးပြီး အားလုံးအကျိုးရှိမယ့် ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(က) ကုန်ဈေးနှုန်းမြင့်တက်နေခြင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချမယ့် မက်ကရိုစီးပွားရေးတည်ငြိမ်ရေးအတွက် ကျပ်ငွေတန်ဖိုးခိုင်မာစေခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဈေးကွက်ကိုအခြေခံတဲ့ Managed Float အဖြစ် ယခင်အတိုင်းပြန်လည်ကျင့်သုံးခြင်း၊ ကုန်သွယ်မှုလိုင်စင်များ ဖြေလျှော့ခြင်း၊ ပြည်ပလွှဲပို့ငွေများအတွက် တရားဝင်နည်းလမ်းများဖန်တီးပေးခြင်းတို့ကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

(ခ) ပဋိပက္ခနဲ့ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များအတွက် အစိုးရ- ပုဂ္ဂလိက-နိုင်ငံတကာပူးပေါင်းပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေမတည်ခြင်း၊ ဘေးလွန်ကာလ စီမံကိန်းများ ကြိုတင်ရေးဆွဲခြင်း၊ သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိတဲ့ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို တွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) နိုင်ငံတော်စီးပွားရေး ပြန်လည်ဦးမော့ရေးအတွက် ရသုံးဘတ်ဂျက်နဲ့ ငွေကြေးမူဝါဒများ ခိုင်မာမှုရှိစေဖို့ လွှတ်တော်ကနေ ပံ့ပိုးဆောင်ရွက်ပေးမယ့်အပြင် ပုဂ္ဂလိကကဏ္ဍအတွက် ကြိုးနီများရုပ်သိမ်း၍ လုပ်သာကိုင်သာရှိစေခြင်း၊ စီးပွားရေးဦးမော့၍ လျင်မြန်စွာ အကျိုးရလဒ်ဖြစ်ထွန်းနိုင်တဲ့ Quick Wins စီမံချက်များကို ဖော်ထုတ်အကောင်အထည်ဖော်ခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအထောက်အပံ့နဲ့ ချေးငွေများ ပြန်လည်စီးဝင်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍများ တန်ဖိုးမြှင့် ဈေးကွက်ဝင်ဆံ့နိုင်ရေးအတွက် လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်ရှိမယ့် စိုက်ပျိုးမြေများ၊ အထွက်နှုန်းတိုး၍ တန်ဖိုးမြှင့်စားသုံးကုန်များ၊ မွေးမြူရေးထုတ်ကုန်သစ်များ၊ မြေအရင်းအနှီး သက်သာစေမယ့် စီးပွားရေးဇုန်များ၊ တန်ဖိုးကွင်းဆက်တစ်လျှောက် ထောက်ပံ့ပေးမည့် ငွေရေးကြေးရေးအစီအစဉ် (Supply Chain Financing) များကို ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(င) အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ မတည်ငွေရင်း၊ နည်းပညာ၊ သုတေသနနဲ့ ဖွံ့ဖြိုးရေး၊ ဈေးကွက်ချိတ်ဆက်ရေးအတွက် MSME ဖွံ့ဖြိုးရေး စုပေါင်းရုံး (One-stop Service) အစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးခြင်းနဲ့ ဘဏ်နဲ့လုပ်ငန်းများ လည်ပတ်ရေးအတွက် ချေးငွေ အာမခံစနစ် (credit guarantee scheme) ထူထောင်သွားမှာဖြစ်ပါတယ်။

(စ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အစိုးရအရာရှိကြီးများ၊ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများ၊ စွန့်ဦးတီထွင်အောင်မြင်သူများ ပေါင်းစပ်ညှိနှိုင်းမယ့် တွေ့ဆုံဆွေးနွေးပွဲ (public private dialogue) များ ပုံမှန်ကျင်းပနိုင်ရန် စီစဉ်သွားမှာဖြစ်ပါတယ်။

(ဆ) လွတ်လပ်တက်ကြွသော နိုင်ငံခြားရေး၊ ဒေသတွင်းချိတ်ဆက်ရေးနဲ့ ခိုင်မာသော ပထဝီစီးပွားရေး မဟာဗျူဟာကျင့်သုံးခြင်းဖြင့် ဒေသတွင်းနဲ့ နိုင်ငံတကာဈေးကွက်များသို့ ဝင်ဆံ့လာပြီး နိုင်ငံတကာတွင် မြန်မာ့ပုံရိပ် မြင့်တက်လာစေရေးကိုပါ တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသတွင်းနိုင်ငံများနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက စီးပွားရေးစင်္ကြံများတစ်လျှောက် ဟန်ချက်ညီညီ ချိတ်ဆက်နိုင်မယ့် အာရှအမြန်လမ်းမကြီး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနဲ့ ကုလားတန်မြစ်ဝှမ်းစီမံကိန်းများကို အမြန်ဆုံးညှိနှိုင်း အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

(ဇ) လျှပ်စစ်၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နဲ့ စံချိန်စံညွှန်း အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အစိမ်းရောင်နဲ့ ပြည့်ဖြိုးမြဲစွမ်းအင်၊ ကုန်စည်နဲ့ ခရီးသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆင့်မြင့်နည်းစနစ်များ၊ သက်သာလုံခြုံစွာ ချိတ်ဆက်နိုင်မယ့် အင်တာနက်၊ အွန်လိုင်းပြည်သူ့ဝန်ဆောင်မှုနဲ့ အွန်လိုင်းရောင်းဝယ်ဖောက်ကားမှုများ၊ မြန်မာ့စံချိန်စံညွှန်းစနစ်များ၊ နိုင်ငံတကာစံများနှင့်အညီထွန်းကားစေရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဈ) သဘာဝအရင်းအမြစ်များ ပွင့်လင်းမြင်သာစွာ တန်ဖိုးမြှင့်ထုတ်လုပ်အသုံးချရေး၊ စိမ်းလန်းအခြေပြုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစီးပွားရေးဝန်းကျင်ကောင်းများ ထူထောင်ရေးတို့အတွက် သဘာဝတွင်းထွက်များ စနစ်တကျ တူးဖော်ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စိမ်းလန်းအခြေပြုနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို အထူးအလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ရဲ့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ ပါတီရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝအဓိက၊ ငြိမ်းချမ်းလုံခြုံစွာ ကြီးပွားကြ" ဆိုတဲ့အတိုင်း အထက်ဖော်ပြပါ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ရက် ၁၀၀ စီမံချက်၊ တစ်နှစ်နဲ့ ငါးနှစ် စီမံချက်များအဖြစ် စနစ်တကျ အကောင်အထည်ဖော်ခြင်းအားဖြင့် အမိမြန်မာနိုင်ငံတော်ကြီးကို ငြိမ်းချမ်းလုံခြုံစွာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြည်သူလူထုတစ်ရပ်လုံးသို့ အစီရင်ခံတင်ပြလိုက်ရပါတယ်ရှင့်။

### တိုးတက်တဲ့ ခေတ်ရဲ့ နိုင်ငံသစ်ဆီ

V1. တိုးတက်တဲ့ ခေတ်ရဲ့ နိုင်ငံသစ်ဆီ ညီညွတ်ခြင်းတရားနဲ့
ဒို့များ ဦးတည်
ပြည်သူတွေအားလုံးနဲ့ လက်တွဲတို့တူညီ
ခိုင်မာသော စိတ်ထား၊ ခိုင်မာသော ခွန်အားနဲ့ ရှေ့တို့ချီ
တိုးတက်တဲ့ခေတ်ရဲ့ နိုင်ငံသစ်ဆီ မျှော်ရည်မှန်းလို့
ဒို့ သွားကြမည်
နေရာဒေသအနှံ့က လူအားလုံးမကျန်ပြီ

Cho; ဒို့ရဲ့ ရေမြေ ဒို့ချစ်သည် ဒို့ရဲ့ နိုင်ငံ ဒို့ချစ်သည်
ဒို့ရဲ့ နိုင်ငံ ဒို့ချစ်သည် ဒို့ရဲ့ ရေမြေ ဒို့ချစ်သည်
တူညီညာသော နိုင်ငံသားအခွင့်အရေးပိုင်ဆိုင်ဖို့ ဒို့ မဲထည့်ကြရမည်။

V2. ငြိမ်းချမ်းတဲ့ ခေတ်ရဲ့ ပြည်ထောင်စုဆီ
ကမ္ဘာအလယ်မှာ ထွန်းတောက်လို့ ပေါ်ပေါက်ရမည်
ဂုဏ်ယူစွာ သွေးချင်းတို့ စုပေါင်းအားစုံညီ
နိုင်ငံရေး ဒို့အရေး၊ နိုင်ငံရေး ဒို့အရေး
ဒို့အားလုံး အရေးဖြစ်သည်။
တိုးတက်တဲ့ ခေတ်ရဲ့နိုင်ငံသစ်ဆီ မျှော်ရည်မှန်းလို့
ဒို့သွားကြမည်
နေရာဒေသအနှံ့က လူအားလုံးမကျန်ပြီ


Cho; (ဒို့ရဲ့ရေမြေ ဒို့ချစ်သည် ဒို့ရဲ့နိုင်ငံ ဒို့ချစ်သည်
ဒို့ရဲ့ နိုင်ငံ ဒို့ချစ်သည် ဒို့ရဲ့ ရေမြေ ဒို့ချစ်သည်)x2
တူညီညာသော နိုင်ငံသား အခွင့်အရေး ပိုင်ဆိုင်ဖို့ ဒို့မဲထည့်ကြရမည်။
PPP PPP (ပြည်သူ့ရှေ့ဆောင်ပါတီ)............
PPP PPP (ပြည်သူ့ရှေ့ဆောင်ပါတီ).........

## ❑ တိုင်ဖွန်းမုန်တိုင်းမှ

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၆-၁၁-၂၀၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၈-၁၁-၂၀၂၅ ရက်မှ ၁၀-၁၁-၂၀၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် နိုဝင်ဘာ ၆

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၆ ဒသမ ၇၈၆၅ တန်၊ သစ်မာ ၉ ဒသမ ၄၃၆၂ တန်၊ အခြား ၅၆ ဒသမ ၀၄၀၇ တန် စုစုပေါင်း ၈၂ ဒသမ ၂၆၃၄ တန်၊ ယာဉ်၊ ယန္တရားကိုးစီး၊ တရားခံ ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)






# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အဘယာရာမပရိယတ္တိစာသင်တိုက် ကျောင်းတိုက်အတွင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | လူကုန်ကူးခံရသူများအနေဖြင့် | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံး ဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပက ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Win Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဝင်းဇော်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပဲခူးမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောမီးလောင်ကျွမ်းမှုများနှင့် အပူချိန်မြင့်တက်လာမှုက ကမ္ဘာ့မြောက်ဘက်ခြမ်းရှိသစ်တောများကို ခြိမ်းခြောက်နေဟုကုလသမဂ္ဂသတိပေး



**ဂျီနီဗာ နိုဝင်ဘာ ၆**

တောမီးလောင်ကျွမ်းမှုများနှင့် အပူချိန်မြင့်တက်လာမှုက ကမ္ဘာ့မြောက်ဘက်ခြမ်းရှိ သစ်တောများကို ခြိမ်းခြောက်မှုရှိနေဟု ကုလသမဂ္ဂက သတိပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးများနှင့် အပူချိန်မြင့်တက်လာမှုသည် မြောက်ဘက်ခြမ်းရှိသစ်တောများ တည်ရှိမှုနှင့် ကြီးထွားမှုကို တဖြည်းဖြည်းခြိမ်းခြောက်နေကြောင်း၊ လေထုမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပေးသော သစ်တောများသည် ကာဗွန်ထုတ်လွှတ်သည့် သစ်တောများအဖြစ်သို့ ပြောင်းလဲလာကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာသည် ဥရောပအတွက် ကုလသမဂ္ဂစီးပွားရေးကော်မရှင် (UNECE) မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထိုအစီရင်ခံစာအရ ဥရောပ၊ မြောက်အမေရိက၊ ကော့ကေးဆပ်နှင့် အလယ်အာရှများဖြစ်သော ကမ္ဘာ့မြောက်ဘက်ခြမ်းရှိ သစ်တောများသည် လေထုမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူနိုင်စွမ်းလျော့နည်းကာ တချို့သည် ကာဗွန်ကို လုံးဝမစုပ်ယူတော့ဘဲ ကာဗွန်ပြန်ထုတ်လွှတ်လာကြောင်း သိရသည်။

UNECE မှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ကမ္ဘာ့သစ်တောများအနက် ထက်ဝက်နီးပါးရှိရာ ကမ္ဘာ့မြောက်ဘက် သစ်တောဧရိယာသည် ကမ္ဘာ့သစ်တောဧရိယာ၏ ၄၂ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မြောက်ဘက်ရှိ အာတိတ်ဒေသ သစ်တောများသည် အပူချိန်မြင့်တက်လာမှု၊ တောမီးများနှင့် မိုးခေါင်ရေရှားမှုတို့ကြောင့် လက်ရှိအချိန်တွင် သစ်တောများ ခြောက်သွေ့ပြုန်းတီးလာကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ဝေလနိုင်ငံတွင် ရေဘေးအန္တရာယ်အရေးပေါ် အခြေအနေအဖြစ်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာ

**ကာဒစ် နိုဝင်ဘာ ၆**

ဝေလနိုင်ငံအလယ်ပိုင်းနှင့် အနောက်ဘက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပြီး ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း Mid and West Wales Fire and Rescue Service မှ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးဒဏ်သင့်ပြည်သူများကို အရေးပေါ်အခြေအနေဖြင့် ကယ်ဆယ်ရေး ဝန်ထမ်းများက ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ကြောင်း၊ ထို့ပြင် အိမ်မွေးတိရစ္ဆာန်များကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ထုတ်ပေးခဲ့ကြောင်း Mid and West Wales Fire and Rescue Service မှ ထုတ်ပြန်သွားခဲ့သည်။

"ဝေလနိုင်ငံ အလယ်ပိုင်းနဲ့ အနောက်ဘက်ပိုင်း ဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းမှုတွေ ဖြစ်ပေါ်နေပြီးတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရတယ်။ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေတဲ့ ဧရိယာကို ဖြတ်သန်းမောင်းနှင်ခဲ့တဲ့ မော်တော်ယာဉ်တချို့လဲ မတော်တဆဖြစ်စဉ်တွေဖြစ်ပွားခဲ့ပါတယ်" ဟု Mid and West Wales Fire and Rescue Service မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# နိုင်ဗာရှာဒေသကို ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ပေးရန် ဒေသခံများကတောင်းဆို

**နိုင်ရိုဘီ နိုဝင်ဘာ ၆**

ကင်ညာနိုင်ငံ နိုင်ဗာရှာဒေသတွင် နိုဝင်ဘာ ၁ ရက်မှ ယနေ့ထိ မိုးသည်းထန်စွာ ရွာသွန်းပြီး စတင်ပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ဒေသခံမိသားစုပေါင်း ၄၀၀၀ ကျော်ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး အစိုးရအနေဖြင့် ကူညီထောက်ပံ့ ပေးနိုင်ရေးအတွက် ရေဘေးအန္တရာယ်ကို အရေးပေါ်အခြေအနေ သတ်မှတ်ပေးရန် ဒေသခံများက တောင်းဆိုနေကြောင်း နိုင်ဗာရှာအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေ သတ်မှတ်မှုသာ အစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် နိုင်ငံတော် ဘဏ္ဍာငွေကို သုံးစွဲပေးနိုင်မည် ဖြစ်သည့်အတွက်ကြောင့် အရေးပေါ်အခြေအနေ သတ်မှတ်ပေးရန် ဒေသခံများက တောင်းဆိုခြင်း ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁ ရက်ကတည်းက ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် မိသားစုပေါင်း ၄၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ အစိုးရအနေနဲ့ဗဟိုကနေ ကူညီထောက်ပံ့ပေးတာမျိုး လုပ်ပေးဖို့လိုအပ်ပါတယ်။ ဒါပေမဲ့လဲ မူဝါဒအရ နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေသတ်မှတ် ကြေညာဖို့တော့ လိုအပ်နေပါတယ်။ ဒါကြောင့်လဲ ဒေသခံတွေက အရေးပေါ်အခြေအနေ သတ်မှတ်ပေးဖို့ တောင်းဆိုနေတာဖြစ်ပါတယ်" ဟု နိုင်ဗာရှာအာဏာပိုင်အဖွဲ့အစည်းက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အတ္တလန္တိတ်သမုဒ္ဒရာ တောင်ဘက်ပိုင်းရှိ ဆန်းဝစ်ချ်ကျွန်းတွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၆**

အတ္တလန္တိတ်သမုဒ္ဒရာ တောင်ဘက်ပိုင်းရှိ ဆန်းဝစ်ချ်ကျွန်းတွင် နိုဝင်ဘာ ၅ ရက်က ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒ တိုင်းတာရေးဌာန (USGS)၏ ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် တောင်လတ္တီတွဒ် ၅၈ ဒသမ ၀၅ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၂၅ ဒသမ၂ ဒီဂရီတွင် တည်ရှိပြီး၊ ငလျင်အနက်မှာ ၃၃ ဒသမ၂ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းဝစ်ချ်ကျွန်းစုသည် အတ္တလန္တိတ်သမုဒ္ဒရာ တောင်ဘက်ပိုင်းတွင်တည်ရှိပြီး ဗြိတိသျှနိုင်ငံအုပ်ချုပ်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုဒေသတွင် နေထိုင်သည့်လူအရေအတွက် နည်းပါးသဖြင့် ငလျင်ကြောင့် အခြေခံနှင့် လူနေ အဆောက်အအုံများစွာ ထိခိုက်ပျက်စီးမှု မရှိသော်လည်း ယနေ့တွင် ငလျင်ကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံတချို့ကို ရှင်းလင်းပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ပြီးနောက် နောက်ထပ်ငလျင်ငယ်များ ထပ်မံလှုပ်ခတ်နိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားပြီး ငလျင်ကြောင့် သေဆုံးသူမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူရှိသည်ဟု ကျွန်းအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**



# ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းရှိ ကမ်းခြေဒေသများကို ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

**အော့တဝါ နိုဝင်ဘာ ၆**

ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းရှိကမ်းခြေဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက နိုဝင်ဘာ ၅ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဗန်ကိုဗားကျွန်း မြောက်ဘက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်ပြီး ကမ်းဘဲလ်မြစ်ရေမြင့်တက်နေကြောင်း၊ မြေနိမ့်ပိုင်းဧရိယာများတွင် ရေတိုက်စားမှုများ စတင်ဖြစ်ပေါ်နေပြီဖြစ်သည့်အတွက် မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးခဲ့သည်။

"ဗန်ကိုဗားကျွန်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီးတော့ ကမ်းခြေဒေသတွေမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးလေဝသ ခန့်မှန်းချက်တွေအရ မုန်တိုင်း ဝင်ရောက်လာနိုင်တဲ့ လက္ခဏာလဲဖြစ်ပါတယ်။ လေတိုက်နှုန်းတွေကလဲ တစ်နာရီကို ၉၀ ကီလိုမီတာကနေ ၁၁၀ ကီလိုမီတာထိ မြင့်တက်နေပါတယ်" ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


ရေကြီးရေလျှံမှုသည် ဗန်ကိုဗားကျွန်းတစ်နေရာတည်း မဟုတ်ဘဲ ဗြိတိသျှကိုလံဘီယာပြည်နယ်ရှိ ဒေသတချို့တွင်လည်း ရင်ဆိုင်ရနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

ဝတ္ထုတိုကလျာ

# နှောင်ဖွဲ့ခြင်း

**မနှင်းဖွေး**



(၁)

"တိရစ္ဆာန်မွေးတယ်ဆိုတာ သံယောဇဉ်မီးမွေးပြီး (အပူရှာတာပဲ)သိလား။ အဲဒါကြောင့် ကျွန်မတော့ အိမ်မှာ ဘာကောင်မှ မမွေးဘူး"ဟု ဒေါ်ခင်မြိုင် အမြဲပြောလေ့ရှိသည်။

တိရစ္ဆာန်ချစ်တတ်သော အပျိုကြီးစာရင်းတွင် ဒေါ်ခင်မြိုင်မပါပေ။ ထို့ကြောင့် သူ့အိမ်တွင် သူ့စကားအတိုင်း မည်သည့်တိရစ္ဆာန်မျှ မမွေးသလို သူ့ခြံထဲ၊ သူ့အိမ်ထဲ အမှတ်မထင်ရောက်လာတတ်သော အနီးအပါးအိမ်များမှ ခွေးများ၊ ကြောင်များကို တွေ့လျှင်လည်း ချက်ချင်းမောင်းပစ်၊ နှင်ပစ်၊ ခြောက်လှန့်ပစ်သည်ချည်းပင်။

မိဘနှစ်ပါးချန်ရစ်ခဲ့သော အုတ်ညှပ် နှစ်ထပ်အိမ်တွင် ဒေါ်ခင်မြိုင်နှင့်အတူ ညီမဖြစ်သူ ဒေါ်ခင်လေးတို့ မိသားစုလည်း နေထိုင်ကြသည်။ ဒေါ်ခင်လေးက မုဆိုးမတစ်ဦးဖြစ်ပြီး သမီးလေးတစ်ယောက်ရှိသည်။ သမီးကေသီကကျောင်းမပြီးခင် ရှေ့နေကလေးတစ်ဦးနှင့် အိမ်ထောင်ကျပြီး သားလေးဖိုးပြည့်ကို မွေးတော့ သူတို့အိမ်တွင် ဒေါ်ခင်မြိုင်အပါအဝင် မိသားစုဝင် ငါးဦး ရှိလာသည်။

အသက်အကြီးဆုံးလည်းဖြစ်ပြီး အနေတည်သော ဒေါ်ခင်မြိုင်ကို တစ်အိမ်သားလုံးက ရိုသေသမှုရှိပါသည်။ အပျိုကြီးပီပီ အရာရာတွင် ဇီဇာကြောင်တတ်သည်ကိုလည်း နားလည်ခွင့်လွှတ်ကာ သူဩဇာပေးသမျှ လိုက်လျောနာခံကြသူတွေချည်းဖြစ်သည်။ ကေသီအိမ်ထောင်ကျခါစက ဒေါ်ခင်မြိုင်၏ တူသမက်ဖြစ်လာသော ရှေ့နေကလေးထွန်းထွန်း၏ ဥပဒေစာအုပ်အချို့ ကြွက်ကိုက်ခံရသည်။ ထွန်းထွန်းက သူ့စာအုပ်များကို ကြည့်၍နှမြောတသ ယူကျုံးမရဖြစ်ပြီး ကြွက်ရန်ကကာကွယ်ရန်အတွက် အိမ်တွင် ကြောင်တစ်ကောင်လောက် မွေးချင်ကြောင်း ဒေါ်ခင်မြိုင်ကို အရေးဆိုဖူးသည်။

ဒေါ်ခင်မြိုင် ခေါင်းခါခါ၊ လည်ခါခါနှင့် ချက်ချင်း ငြင်းဆိုသည်။ "ကြောင်တော့မွေးဖို့ စိတ်မကူးပါနဲ့ မောင်ထွန်းထွန်းရယ်၊ ကြီးကြီးက ကြောင်သေးနံ့လည်း မခံနိုင်ဘူး။ ကြောင်ချေးနံ့လည်း မခံနိုင်ဘူး။ ကြောင်သန်းကိုက်တာလည်း မခံနိုင်ဘူး။ ကြွက်ရန်ကဝေးချင်ရင်တော့ ကြွက်ထောင်ချောက်နဲ့ထောင်၊ မိရင်ဝေးဝေးသွားပစ်။ ဒါပဲရှိတယ်။ ကြောင်တော့ မွေးလို့မဖြစ်ဘူး"

ဒေါ်ခင်မြိုင်၏ တင်းတင်းပြတ်ပြတ် အပြောကြောင့် ထွန်းထွန်း ဘာမျှမကွန့်ဝံ့တော့ချေ။

"ပြောသားပဲ၊ ရမှာမဟုတ်ဘူးလို့" ဟူသည့် ကေသီထံမှ တိုးတိုးတိတ်တိတ် အသံထွက်လာပြီး မကြာခင် ထွန်းထွန်းတစ်ယောက် သံဗီရိုတစ်လုံး ပြေးဝယ်ကာ သူ့စာအုပ်မှန်သမျှ သံဗီရိုထဲထည့်၍ သိမ်းဆည်းခြင်းအမှုသာ ပြုနေလေတော့သည်။

ဒေါ်ခင်လေး တယုတယ စိုက်ပျိုးထားသော သစ်ခွပန်းအိုးများ အခိုးခံရတုန်းက ဆိုလျှင်လည်း ဒေါ်ခင်လေး မရဲတရဲပြောဖူးသေးသည်။

" သူခိုးက ခြံစည်းရိုးကျော်ဝင်ပြီး အမျိုးကောင်းသစ်ခွတွေမှ အေးအေးဆေးဆေး ရွေးခိုးသွားတာ မမမြိုင်ရဲ့၊ အိမ်မှာ ခွေးလေးတစ်ကောင်လောက်သာ ရှိရင် ခုလိုဖြစ်မှာမဟုတ်ဘူး"

" ဘာတုံး၊ ညည်းက ခွေးမွေးချင်သေးလို့လား။ တော်ပါအေ၊ ခွေးများတော့ ငါက စိတ်နာလွန်းလို့။ ငါ့သူငယ်ချင်းမပုလေး ခွေးရူးပြန်ပြီး သေသွားတာ ညည်း မှတ်မိမှာပေါ့။ အဲဒီခွေးက သူ့ခွေး။ အဲဒီခွေးကိုလည်း သူ့မှာချစ်လိုက်တာ တုန်လို့။ ခွေးနေမကောင်းတာကို ပြုစုပေးရင်း ခွေးသွားနဲ့သူ့လက်နည်းနည်း ခြစ်မိသွားတာ တစ်ခါတည်းသူပါ ခွေးရူးပြန်ရောဂါရပြီး သေပါရောလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့"

"ခုခေတ်ကတော့ ကာကွယ်ဆေးတွေဘာတွေ ရှိနေပါပြီ။ တိရစ္ဆာန်ဆေးကုဆရာဝန်ပြပြီး ထိုးထားလို့ရတယ်တဲ့"

"တော်ပါ၊ တော်ပါ၊ ဘယ်သတ္တဝါ ဖြစ်ဖြစ် အိမ်ပေါ်ရောက်လာရင် သံယောဇဉ်ကတွယ်ဦးမှာ။ ငါအခု ဘာသံယောဇဉ်မှ မတွယ်ချင်တော့ဘူး။ ဘာဒုက္ခမှလဲမခံချင်တော့ဘူး။ အပူမရှာချင်လို့ အပျိုကြီးလုပ်နေတာဟော့ သိပြီလား"

ဒေါ်ခင်လေးသည်လည်း ခွေးမွေးဖို့ကိစ္စ ထပ်မဟဝံ့တော့သဖြင့် ထိုအချိန်မှစ၍ နှစ်အတန်ကြာသည်အထိ ဒေါ်ခင်မြိုင်တို့အိမ်တွင် မည်သည့်အိမ်မွေးတိရစ္ဆာန်တစ်ကောင်တစ်မြီး၏ အရိပ်အယောင်ကိုမျှ မမြင်ရခြင်း ဖြစ်လေသည်။

(၂)

ဒေါ်ခင်မြိုင်က သံယောဇဉ်မတွယ်ချင်ဘူး၊ အပူမရှာချင်ဘူးဟု တွင်တွင်ပြောနေပေမယ့် သူ့တူမကေသီကမွေးသည့်သား သူ့မြေးဖိုးပြည့်ကိုတော့ သူတော်တော်ချစ်သည်၊ တော်တော်သံယောဇဉ်ကြီးသည်။ ဒေါ်ခင်လေး ကေသီကိုမွေးစဉ်တုန်းက ဘာသိဘာသာနေခဲ့သလောက် ကေသီကဖိုးပြည့်ကိုမွေးတော့ သူ့မှာဥပေက္ခာမပြုနိုင်။ ကလေးကိုမြူဟယ် ချော့ဟယ်၊ ချီဟယ်ပိုးဟယ် လုပ်လာလေသည်။

ကလေးက တွတ်တီးတွတ်တာ ပြောတတ်သည့် အရွယ်ရောက်တော့လည်း ကလေးပြောသမျှသဘောအကျကြီးကျကာ အနေတည်သော အပျိုကြီးမှာ တပြုံးပြုံး ဖြစ်နေခဲ့သည်။

ကျောင်းနေသည့် အရွယ်ရောက်ပြန်တော့ ဖိုးပြည့်၏ အရေးကိစ္စမှန်သမျှကို စိတ်ဝင်တစားရှိပြီး ဖိုးပြည့်ဆန္ဒကို ဖြည့်ဆည်းပေးရင်း၊ အလိုလိုက်ရင်း၊ အကြိုက်ဆောင်ရင်း တဖြည်းဖြည်းနှင့် ဖိုးပြည့်သည် ဒေါ်ခင်မြိုင်၏ အချစ်ဆုံးသည်းညှာနု ဖြစ်လာလေတော့သည်။တစ်ညနေ...

ကောင်းကင်ယံတွင် တိမ်ညိုများကြောင့် အုံ့ပျလျက်ရှိသောတစ်ညနေ။

သုံးတန်းကျောင်းသားလေး မောင်ဖိုးပြည့်သည် သူတို့လမ်းထိပ်ရှိသူ့ဆရာမနေအိမ်တွင် ကျူရှင်တက်အပြီး ကြောင်ကလေးတစ်ကောင်ကို ရင်ခွင်ထဲပိုက်လျက်အိမ်ပြန်လာသည်။ အရောင်မွဲမွဲ၊ အမွေးကျဲကျဲ၊ နံရိုးပေါ်ပေါ်နှင့် အရုပ်ဆိုးဆိုး ကြောင်ပေါက်စကလေးကို ရုတ်တရက်မြင်လိုက်ရတော့ ထခုန်မတတ်လန့်ဖျပ်သွားသူက ဒေါ်ခင်မြိုင်ဖြစ်သည်။

"အောင်မယ်လေး ငါ့မြေးလက်ထဲက ဘာကောင်လဲ။ ကြောင်လား၊ ဘုရား ဘုရား၊ ဘယ်ကကောက်လာတာလဲ ဖိုးပြည့်ရယ်"

ဖိုးပြည့်က ကျောပိုးအိတ်ကို ပခုံးထက်မှချွတ်ပစ်ပြီး ကုလားထိုင်ပေါ်ထိုင်၍ ကြောင်ကလေးကို ပေါင်ပေါ်တင်ကာ အသာပွတ်သပ်ပေးရင်း –

"ကောက်လာတာမဟုတ်ပါဘူး ဘွားမြိုင်ရဲ့၊ ဆရာမဆီက သားသား တောင်းလာတာပါ "

"ဟေ တောင်းလာတာ ဟုတ်လား၊ ဘာလုပ်ဖို့တောင်းလာတာတုံး"

"သားသား မွေးချင်လို့ပါ"

"အလိုတော် ... ဒီအိမ်မှာ ကြောင်ဘယ်တုန်းက မွေးရလို့လဲ ပြောပါအုံး"

"ဒီကြောင်ကလေးက သိပ်သနားစရာကောင်းတာ ဘွားမြိုင်ရဲ့။ သူ့အမေက ကြောင်ငါးကောင်တစ်နေ့တည်းမွေးတာလေ။ သူတို့အမေ သူတို့ကိုနို့တိုက်တဲ့အခါ တခြားကောင်တွေက အတင်းလုစို့ကြတယ်။ ဒီကောင်လေးက အငယ်ဆုံးဆိုတော့ မလုနိုင်ဘူး။ သူဘယ်တော့မှ နို့ကောင်းကောင်း မစို့ရဘူး ဘွားမြိုင်ရဲ့၊ ကြည့်ပါလား၊ သူ့ခမျာ ပိန်ညှောင်လို့။ ဒါကြောင့် သားသားက သနားလို့ ခေါ်လာတာ။ သားသား မွေးမယ်နော် ဘွားမြိုင်"

ဒေါ်ခင်မြိုင် မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး သားရဲ့။ နို့မဝတဲ့ကြောင် ခေါ်လာပြီး သားကဘယ်ကြောင်မရဲ့နို့ကိုဝအောင်တိုက်မှာလဲပြော"

"သားသားသောက်တဲ့နွားနို့ထဲက သူ့ကိုနည်းနည်းခွဲတိုက်မှာပေါ့ ဘွားမြိုင်ရဲ့၊ ပန်းကန်ပြားကလေးထဲထည့်တိုက်ရင် သူသောက်တတ်တယ်။ အဲဒီလိုမွေးရင်ရတယ်တဲ့၊ ဆရာမက ပြောတယ်"

"အောင်မယ်လေး၊ နွားနို့တိုက်ပြီး မွေးအုံးမလို့တဲ့။ မဖြစ်ဘူး၊ မဖြစ်ဘူးသား၊ ကြောင်သေးနံ့၊ ကြောင်ချေးနံ့က သိပ်နံတာ။ ပြန်ပို့လိုက် ဘွားမြိုင် ခွင့်မပြုဘူး"

"သား မွေးချင်တယ် ဘွားမြိုင်၊ မင်းရဲထွတ်တို့၊ ဝေယံတို့၊ ဥက္ကာတို့ဆီမှာ ကြောင်တွေရှိကြတယ်။ သားသားမှာပဲ မရှိတာ"

"အလို သူများဆီမှာ ရှိတိုင်း ကိုယ်ကမွေးစရာလား၊ မဟုတ်တာ။ ဒီမှာသား၊ တခြားကစားစရာလိုချင်တာပြော၊ ဘွားမြိုင် ဝယ်ပေးမယ်။ ကြောင်တော့ မရဘူး"

"ဟင့်အင်း ဟင့်အင်း၊ သားသား ကြောင်ပဲမွေးချင်တယ်။ ပေးမွေးနော် ဘွားမြိုင်နော်"

" အို မရပါဘူးဆို၊ ဒီကလေးကတော့"

ဒေါ်ခင်မြိုင်၏ မျက်နှာကတင်းပြီး အသံမာလာတော့ ဖိုးပြည့်မျက်နှာကလေးငယ်သွားသည်။

ဖိုးပြည့် ဒေါ်ခင်မြိုင်ကို မျက်လုံးတစ်ချက်လှန်ကြည့်သည်။ တစ်အောင့်နေတော့ နှုတ်ခမ်းကို တင်းတင်းစေ့၍ ခေါင်းငုံ့သွားသည်။

ဖိုးပြည့်တို့ စိတ်ကောက်လေပြီ။ ဖိုးပြည့်စိတ်ကောက်လျှင် ပြုမူလေ့ရှိသော အိုက်တင်ဖြစ်သည်။ ဖိုးပြည့်ဆန္ဒပြတော့မည်။ ဖိုးပြည့်ဆန္ဒပြလျှင် တစ်နေ့လုံး ဘာမျှမစား၊ ဘာမျှမပြောဘဲ နှုတ်ခမ်းတင်းတင်းစေ့၍ ငြိမ်သက်စွာထိုင်နေမည်ဖြစ်သည်။ ဘယ်သူကျွေးကျွေးမစား၊ ဘယ်သူချော့ချော့မပျော့၊ နောက်ဆုံး တစ်အိမ်လုံး ဝမ်းနည်းပက်လက်ဖြစ်သည်အထိ ဖိုးပြည့်တို့ ခွဲကောင်းတတ်သည်။

ထင်သည့်အတိုင်း ဖိုးပြည့် တိုက်ပွဲစတင်သည်။ ထင်သည့်အတိုင်း ညစာထမင်းစားချိန် ရောက်သောအခါ ဖိုးပြည့်ကဝမ်းမပူပေမဲ့ ဒေါ်ခင်မြိုင်ရင်တွေပူလာသည်။ ဖိုးပြည့်မလျှော့တော့ ဒေါ်ခင်မြိုင် လျှော့ရသည်။

သည်လိုနှင့်ပဲ နောက်ဆုံးတော့လည်း အမြီးကသာမန်ကြောင်တွေထက် အနည်းငယ်ပိုရှည်သဖြင့် "မြီးရှည်"ဟု လွယ်လွယ်နာမည်ပေးထားသော ကြောင်ထီးကလေးတစ်ကောင်သည် အပျိုကြီးဒေါ်ခင်မြိုင်၏အိမ်ဂေဟာအတွင်း အခြားအိမ်သားများနှင့် အတူနေထိုင်ရန် နေထိုင်ခွင့်ပါမစ်ရရှိသွားလေသည်။

(၃)

အိမ်ပေါ်ကိုကြောင်ရောက်လာတော့ဒေါ်ခင်လေးက အလုပ်အရှုပ်ဆုံး၊ စိတ်အညစ်ရဆုံးဖြစ်သည်။ မနက်ပိုင်းစားသောက်အပြီး ထွန်းထွန်းတို့၊ ကေသီတို့၊ ဖိုးပြည့်တို့က ကျောင်းသို့၊ ရုံးသို့ အသီးသီးထွက်ခွာသွားလျှင် အိမ်မှာထုံးစံအတိုင်း ဒေါ်ခင်မြိုင်နှင့် ဒေါ်ခင်လေးနှစ်ယောက်သာကျန်သည်။ ထိုအခါ ဒေါ်ခင်မြိုင်က ကြောင်နှင့်ပတ်သက်၍ အမျိုးမျိုးသော မြည်တွန်တောက်တီးမှုကို ပြုသည်။ သူပြုသမျှ ဒေါ်ခင်လေးက ခါးစည်းခံရသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၂၄၃၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲ စိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၂၄၃၃ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲသီးနှံစုံလျာထား ၂၄၃၃ ဧကကို ယခုနှစ် နိုဝင်ဘာလ တတိယ ပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ပဲသီးနှံစုံ ၂၄၃၃ ဧကတွင် မတ်ပဲ ၂၁၅၅ ဧက၊ ပဲတီစိမ်း ၅၆ ဧက ၊ ဗိုလ်ကိတ်ပဲ ၁၇၂ ဧက၊ ဆီပဲပုပ် ဧက ၅၀ စုစုပေါင်း ၂၄၃၃ ဧက ဖြစ် ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ ပုသိမ်မြို့နယ်မှာ ပဲသီးနှံစုံ ဧက ၂၄၀၀ ကျော်ထိ လျာထားစိုက်ပျိုးသွားဖို့ရှိပါတယ်။ ပဲသီးနှံတွေ လျာထားဧကအတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် ဆောင်းသီးနှံတွေထဲမှာ မတ်ပဲသီးနှံကိုအများဆုံးစိုက်ပျိုးဖို့ လျာထားပါတယ်။ အခြားသီးနှံတွေကတော့ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း အရည်သွေးကောင်းတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော ဆောင်းသီးနှံများ အားလုံး ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်တိုးတက်လာစေရေး၊သဘာဝ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၆၀၈၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဝက်လက် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၆၀၈၀၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက် မြို့နယ်တွင် ဆောင်းနှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၀၈၀၀ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ဧက ၆၁၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ဒီနေ့ထိ ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက် သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး ၊မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြို့ပင်ကောက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ကြို့ပင်ကောက် နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက်က ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီးနောက် သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန် သင်တန်းသို့ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၉ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## ဘဝလမ်းဟူသည်မှာ

- ဘဝလမ်းဟူသည်မှာ၊
  လောကစံ အခက်ခဲ
  ရှိစမြဲသာ၊
  မာန်တင်းလို့ ရင်ဆိုင်ကာ
  ယှဉ်ပြိုင်ပါ မလျှော့ခွဲ၊
  လုံ့လနှင့် ဝီရိယ
  ရှိမှအောင်ပွဲ။

- ဘဝလမ်းဟူသည်မှာ၊
  ဒုစရိုက် အမိုက်မှား
  မလိုက်စားရာ၊
  ကိုယ်ကျင့်သီလ ပြည့်စုံစွာ
  မွေ့လျော်ပါ တရားခမ္မ၊
  စေတနာ မေတ္တာခတ်နှင့်
  မြင့်မြတ်ပါရ။

- ဘဝလမ်းဟူသည်မှာ၊
  တတ်ပညာ ဗဟုသုတ
  ပြည့်ဝစေကာ၊
  မြော်မြင်ကြံဆ နည်းလမ်းရှာ
  စည်းကမ်းလွှာ မပျက်ထုံး၊
  ဖေးကူညီ ပရဟိတ
  လုပသက်ဆုံး။

- ဘဝလမ်းဟူသည်မှာ၊
  ယုံကြည်ရာ ခရီးဆက်
  နီးလျက်သေချာ၊
  ရောက်လိုသည့် ပန်းတိုင်သာ
  လှမ်းနိုင်စွာ အောင်မြင်ဖို့၊
  ရိုးသားစွာ နိုးကြားလျက်
  ကြိုးစားပါစို့။

- ဘဝလမ်းဟူသည်မှာ၊
  ခဏတာ အချိန်လေး
  ချင့်တွေးစေရာ၊
  ဒါန သီလ ဘာဝနာ
  ရှာဖွေကာ ကျင့်ကြံပွား၊
  သံသရာ ဘဝလမ်း
  ဖြောင့်တန်းစေသား။ ။

**ကိုရွှေတောသား(ဆင်ကူး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စကားလုံးစားသုံးသူများ

ဆူးသစ်

"မိုက်တယ်"

သည်စကားလုံးကို လူငယ်များ နှစ်နှစ်ခြိုက်ခြိုက် သုံးကြသည်။ အထူးသဖြင့် တော်တော်သဘောကျလာပြီဆိုလျှင် ထိုစကားလုံးမျိုးကို သုံးတတ်ကြသည်။ သူတို့အားကျသော အနုပညာရှင်၏ပုံစံ၊ အနုပညာဖန်တီးမှု စသည်တို့ကို ရင်ထဲထိအောင် ခံစားမိပြီဆိုလျှင် 'မိုက်တယ်'ဆိုသောစကားက ထွက်လာမြဲ။ အများအားဖြင့် ယောကျ်ားကလေးများသုံးကြသည်။

"မိုက်"ဆိုသောမြန်မာစကားကို မကောင်းသည့်နေရာတွင်သုံးသည်ကိုတွေ့ဖူးသည်။ မူးယစ်ရမ်းကားသူ၊ ဆေးစွဲသူ၊ မိဘကိုနှိပ်စက်သူတို့ကို လူမိုက်၊ သားဆိုးသားမိုက် စသည်ဖြင့်သာသုံးလေ့ရှိကြသည်။ မိဘကျေးဇူးသိသူ၊ စာကြိုးစားသူ၊ အလုပ်ကြိုးစားသူ၊ မကောင်းမှုရှောင်သူဆိုလျှင် လူမိုက်ဟု ဘယ်တော့မျှ မသုံးပေ။

သည်တော့ ဒီစကားလုံးများကို ဘာကြောင့် သုံးသလဲ၊ ဘာအဓိပ္ပာယ်နှင့်သုံးလဲဟု နီးစပ်ရာလူငယ်ကလေးများကိုမေးကြည့်တော့ မသိကြ။ အာမေဋိတ်စကားလုံးသဖွယ် ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲခံစားရ၍ ထွက်လာသောစကားဟုယူဆရသည်။ လူငယ်သုံးစကားလုံးထဲတွင် ရင်ထဲကခံစားရ၍ ထွက်လာတတ်သော အာမေဋိတ်ဆန်ဆန် အခြားစကားလုံးရှိပါသေးသည်။ သည်စကားလုံးများက ဘယ်ကစပေါ်သည်ဟု ပြောရန်ခက်သော်လည်း ယခုအချိန်တွင် လူငယ်များကြား တွင်ကျယ်နေသည်ကတော့ သေချာသည်။

"အီမာဆင်"ဆိုသူက ပြောဖူးသည်။ "စကားလုံးသည် အပြုအမူများဖြစ်သည်။ အပြုအမူသည် စကားလုံးများဖြစ်သည်"တဲ့။ လူငယ်များ ကိုယ်ပြောသည့်စကား မည်သည်ကိုရည်ရွယ်၍ မည်သို့ပုံဖော်သည်ကို သိမှသိပါလေစ။

တစ်နေရာမှတစ်နေရာသွားခြင်းကို "လိမ့်မယ်၊ ဒိုးမယ်၊ ရွှေ့မယ်"ဆိုခြင်းက အတိုင်းအတာတစ်ခုထိ လက်ခံနိုင်စရာကောင်းသည်ဟု ကျွန်တော်ယူဆသည်။ ကားနှင့်သွားလျှင် ကားကရွှေ့သွား၍ လူက ကားပေါ်ပါသွားရာ ဒါကို ရွှေ့သည်ဟုသုံးသည်မှာ သဘာဝကျ၏။ ရူပဗေဒဘာသာရပ်မှာပင် အရွှေ့ဟု သင်ခဲ့ရသည်မဟုတ်လား။ တစ်ဖန် ကားဘီးက လိမ့်သွား၍ "လိမ့်မယ်"ဆိုသည်မှာလည်း လက်ခံနိုင်စရာရှိသေးသည်။

"ဒိုးမယ်"ဆိုသည်ကတော့ဘာမှန်းမသိ။ သို့သော် အားလုံးသုံးကြသည်။ အခုနောက်ပိုင်းကာလတွင် လူချင်းတွေ့ဆုံစကားပြောဆိုပြီး နှုတ်ဆက်၍ လမ်းလျှောက်သွားခြင်းကိုပင် "လိမ့်မယ်၊ ရွှေ့မယ်"ဟုသာ သုံးတော့သည်။

နောက်တစ်ခုက စိတ်ဒုက္ခရောက်လျှင် "သောကပဲ"ဟုဆိုတတ်သောစကားလုံး။ ဒါလည်း လက်ခံနိုင်သေးသည်။ စိတ်ညစ်ညူး၍ သောကဖြစ်ရသည့်သဘောနှင့်သုံးခြင်းဖြစ်သည်ဟု ယူဆနိုင်၍ပင်။ ပြဿနာဖြစ်လျှင် "ကွိုင်ပဲ"ဟု သုံးသည်လည်း ထိုသဘောမျိုး၊ ရှုပ်ထွေးလာပြီဟု ယူဆ၍ရသည်။ လူငယ်များက ခေတ်ရေစီးကြောင်းတွင် မျောပါတတ်သူများဖြစ်သည်။ ထို့ကြောင့် လူငယ်များကြားတွင် စကားလုံးအသစ်အဆန်းများ ပေါ်လာနိုင်သေးသည်။ သိလည်းသုံး၊ မသိလည်းသုံးမည်ကတော့ သေချာသည်။ သို့သော် မြန်မာလူမျိုးများမို့ လူငယ်များ စကားလုံးများကိုသုံးလျှင် စည်းနှင့်ကမ်းနှင့်သုံးပါဟု ဆိုချင်သည်။

ဆရာကြီး ပီမိုးနင်းက "ဘဝတိုက်ပွဲ"စာအုပ်တွင် "ယဉ်ကျေးခြင်း"ဆိုသည်မှာ အဘယ်အရာနည်း။ လူရှေ့၌ ကုန်း၍သွားခြင်း၊ ကွ၍သွားခြင်း၊ လက်အုပ်ချီခြင်း၊ ဖိနပ်ချွတ်ခြင်းစသည်တို့ကို ယဉ်ကျေးခြင်းဟု မဆိုလို၊ လူအချင်းချင်း စိတ်ကို မချမ်းသာအောင်၊ မခံချင်အောင်၊ မခံသာအောင်မလုပ်ခြင်း၊ မိမိအတွက် သူတစ်ပါးမှာ ဝန်လေးမှုမဖြစ်စေခြင်း၊ သူတစ်ပါးအား အနှောင့်အယှက်မပြုခြင်း၊ ကိုယ်ချင်းစာသောစိတ်ရှိခြင်းကို "ယဉ်ကျေးခြင်း"ဟု ခေါ်လေသည်ဟု ဖော်ပြထားခဲ့သည်။

မိမိစကားတစ်လုံးကြောင့် ပတ်ဝန်းကျင်တွင် စိတ်မချမ်းမသာဖြစ်သွားပြီ၊ အနှောင့်အယှက်ဖြစ်သွားပြီဆိုလျှင် မိမိကို ယဉ်ကျေးသူဟု မြင်မည်မဟုတ်သည်ကို သိစေချင်သည်။ နောက်တစ်ပိုင်းက "ဆောရီး"ဆိုသောအပိုင်း။ ကားပေါ်တွင် လူကြီးသူမကို ခလုတ်တိုက်လျှင်၊ ခြေထောက်တက်နင်းမိလျှင် "ကန်တော့နော်၊ မတော်လို့ပါခင်ဗျာ၊ ရှင်"ဆိုသောစကားလုံးများမကြားရတော့လောက်အောင် ဆယ်ကျော်သက်များက "ဆောရီး"ကို တွင်တွင်သုံးနေကြသည်။ အဖေ၊ အမေအရွယ်၊ အဘိုး၊ အဘွား၊ ဦးလေး၊ အဒေါ်အရွယ်များ စိတ်မကောင်းဖြစ်ကြရသော စကား။ လူငယ်များက ဆောရီး(ဝမ်းနည်းပါတယ်)ဟုဆိုလျှင် တကယ်ဝမ်းနည်းရသူက လူကြီးများဖြစ်နေသည်။ လူငယ်များက အင်္ဂလိပ်လိုပြောသွားပြီး တကယ်ဝမ်းမနည်းဘဲ အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည်မှာ အခုနောက်ပိုင်း ပို၍ထင်ရှားလာချေပြီ။

မတော်တဆမှုတစ်ခုကို "ကန်တော့၊ ကန်တော့"ဟု မတောင်းပန်နိုင်လောက်အောင် အချိန်မရှားလှဟု ကျွန်တော်တော့ထင်သည်။ ဤသို့ဆိုလျှင် ဘာကြောင့် တစ်ဆောရီးတည်းဆောရီးပြောကာ လစ်ထွက်နေကြရသနည်း။ အချို့ကျတော့ ကန်တော့လည်းမပြော၊ ဆောရီးလည်းမဆို၊ မသိသလို လစ်ထွက်ကြသေးသည်။

"လောကနီတိ"၏ "သုဇနကဏ္ဍ" (သူတော်ကောင်းကိုဆိုရာအပိုင်း)မှာ "အမိယုတ်သောသူအား မကောင်းသောစကားရှိသည်ဖြစ်၏။ အဖယုတ်သောသူအား မကောင်းသောအမူအကျင့်ရှိသည်ဖြစ်၏။ မိဘနှစ်ပါးစုံယုတ်မူကား မကောင်းသောစကားရှိသည်လည်းဖြစ်၏။ မကောင်းသောအမူအကျင့်ရှိသည်လည်းဖြစ်၏"ဟု ဆိုထားသည်။

တစ်ဆက်တည်းမှာပင် "အမိမြတ်သောသူအား ကောင်းသောစကားရှိ၏။ အဖမြတ်သောသူအား ကောင်းသောအမူအကျင့်ရှိ၏။ မိဘနှစ်ပါးစုံမြတ်မူကား ကောင်းသောစကားလည်းရှိ၏။ ကောင်းသောအမူအကျင့်လည်းရှိ၏"ဟု ဆိုထားပြန်သည်။

**❖ ဆရာကြီး ပီမိုးနင်းက "ဘဝတိုက်ပွဲ"စာအုပ်တွင် "ယဉ်ကျေးခြင်း"ဆိုသည်မှာ အဘယ်အရာနည်း။ လူရှေ့၌ ကုန်း၍သွားခြင်း၊ ကွ၍သွားခြင်း၊ လက်အုပ်ချီခြင်း၊ ဖိနပ်ချွတ်ခြင်းစသည်တို့ကို ယဉ်ကျေးခြင်းဟု မဆိုလို၊ လူအချင်းချင်း စိတ်ကိုမချမ်းသာအောင်၊ မခံချင်အောင်၊ မခံသာအောင်မလုပ်ခြင်း၊ မိမိအတွက် သူတစ်ပါးမှာ ဝန်လေးမှုမဖြစ်စေခြင်း၊ သူတစ်ပါးအား အနှောင့်အယှက်မပြုခြင်း၊ ကိုယ်ချင်းစာသောစိတ်ရှိခြင်းကို "ယဉ်ကျေးခြင်း"ဟု ခေါ်လေသည်ဟု ဖော်ပြထားခဲ့သည်။ မိမိစကားတစ်လုံးကြောင့် ပတ်ဝန်းကျင်တွင် စိတ်မချမ်းမသာဖြစ်သွားပြီ၊ အနှောင့်အယှက်ဖြစ်သွားပြီဆိုလျှင် မိမိကို ယဉ်ကျေးသူဟုမြင်မည်မဟုတ်သည်ကို သိစေချင်သည်။ ❖**

လူငယ်များ မိမိအမှတ်မထင်လုပ်လုပ်၊ စွဲစွဲမြဲမြဲပင် လုပ်လုပ် မိမိလုပ်သောအလုပ်သည် မည်သူ့ကို ထိခိုက်သနည်းဆိုသည်ကို စဉ်းစားကြည့်ပါဟု ဆိုချင်သည်။ တကယ်တော့ မိဘက သားသမီးကို ဆုံးမမည်သာ။ မိဘမဆုံးမလျှင် ဆရာများကလည်း ဆုံးမမည်သာ။ မိမိကိုယ်တိုင်မှားမိ၍ "သားသမီးမကောင်း၊ မိဘခေါင်း၊ တပည့်မကောင်း၊ ဆရာ့ခေါင်း" ဆိုသောစကားမျိုး ပေါ်ထွက်လာရသည်ကို ဆန်းစစ်သင့်သည်။

တစ်ဖန် လောကနီတိ၏ "ပဏ္ဍိတကဏ္ဍ"(ပညာရှိကို ဆိုရာအပိုင်း)မှာလည်း "အမျိုးယုတ်မြတ်ကိုကား ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် သိအပ်၏"ဟု ဆိုထားပြန်သေးရာ မိမိတစ်ယောက်တည်းက ကိုယ်၊ နှုတ်အမူအရာအကျင့်မှားသည်နှင့် မိဘ၊ ဆရာ၊ ဆွေမျိုးအားလုံး ထိခိုက်စေနိုင်သည်ကို သိသင့်သည်။

အချို့လူငယ်များဆိုလျှင် လူကြီးကမေးလျှင် "ဟုတ်ကဲ့"ဟုမဖြေဘဲ "ဟုတ်"၊ "ဟုတ်"နှင့် လူကြီးကို မရိုသေသည့်သဘောမျိုး၊ သူငယ်ချင်းပြော ပြောကာ တစ်ဟုတ်တည်း ဟုတ်နေကြခြင်းများရှိ၏။ အချို့ မိဘများက မစဉ်းစားဘဲသဘောကျနေကြ၏။ အချို့ကျတော့လည်း လူငယ်ချင်းသာ ပြောရမည့်စကား၊ ဥပမာ-သဘောပေါက်လားမေးသည်ကိုပင် "ပေါက်တယ်နော်"ဟု လူရှေ့သူရှေ့ယူလာကာ အားရပါးရပြောနေကြသည်မှာ ရင်လေးဖွယ်ရာပင်။ လူငယ်ချင်း၊ ရွယ်တူချင်းပြောဆိုသည်က ကိစ္စမရှိ။ လူကြီးသူမရှေ့တွင်မူ ရိုင်းစိုင်းလှသည်။

အမှန်တော့ လူငယ်များက ထိုစကားလုံးမျိုးများကို နေရာမရှောင်ဘဲသုံး၍ လူကြီးတချို့က သူတို့လက်ခံနိုင်လောက်သောစကားကိုပင် လက်မခံနိုင်ဖြစ်လာကာ လူကြီးအားလုံးပင် လူငယ်များကို ရိုင်းသည်ထင်၍ အမြင်မတည့်တော့။ ထိုအခါ လူငယ်များကလည်း အရွဲ့တိုက်ကာ လူကြီးကို ချုပ်ချယ်သူ၊ ကန့်သတ်သူအဖြစ်မြင်ကာ မလေးစားတော့။ တကယ်တမ်း လူငယ်နှင့်လူကြီးကြားတွင် လေးစားမှုလိုချင်လျှင် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးမှုများ ပြတတ်၊ ပေးတတ်၊ ခံစားတတ်ရန် လိုပါမည်။

ယေဘုယျအားဖြင့်ဆိုရလျှင် လူကြီးများက အသိဉာဏ်ရင့်ကျက်ပြီမို့ အမှန်ကိုသိကာ အမှားကို မြင်ကြသည်။ လူ့ယဉ်ကျေးမှုဆိုသည်ကို နားလည်ယုံကြည်ကြသည်။ သည်တော့ တက်သစ်စလူငယ်များက လူကြီးများ၏ စံနမူနာကောင်းများ ယူရန်သာရှိတော့သည်။

ကျွန်တော်တို့စကားလုံးများက ခေတ်မီ၍ သုံးသည်ဆိုလျှင် လူငယ်အချင်းချင်းကြားတွင်သုံးပါ။ လူကြီးသူမရှေ့၊ စစ်မှန်သော လူ့အသိုင်းအဝိုင်း၊ ဘာသာတရား၊ ယဉ်ကျေးမှုအလေးထားသူများရှေ့တွင်တော့ ဆင်ခြင်ပေးထားပါဟု တောင်းပန်ချင်သည်။ တကယ်တမ်းဆိုရလျှင် လူငယ်ပင်ဖြစ်လင့်ကစား အသိတရားရင့်သန်လာပြီဆိုလျှင်လည်း လူငယ်ချင်းပြောသောစကားထဲတွင် ရိုင်းလွန်းခြင်း၊ လူမှုအသိုင်းအဝိုင်းက လက်မခံခြင်းများ ပါခဲ့လျှင်ပင် လက်မခံကြတော့ပေ။

ထိုလူငယ်မျိုးက နောင်တစ်ချိန် လုပ်ငန်းခွင်ထဲရောက်သည့်အခါ၊ လူကြီးဖြစ်လာသည့်အခါ မယဉ်ကျေးသူများထက် ရှေ့ရောက်နေကြသည်မှာ အမှန်ပင်။ ယနေ့လုပ်ငန်းများကို ဦးဆောင်နေသူ၊ ကြီးကြပ်နေသူများ၏စကားများကို နားထောင်ကြည့်ပါ။ ပရမ်းပတာစကားများ၊ ရိုင်းရိုင်းစိုင်းစိုင်းများ မပါတတ်ကြပေ။ အကယ်၍ လူအများက လက်မခံသောစကားလုံးမျိုး၊ သုံးတတ်သူများ ရှေ့တန်းရောက်နေပါသည်ဆိုလျှင်လည်း လွဲချော်၍ကံဖေးမကာ ရောက်လာသူသာဖြစ်ပါလိမ့်မည်။ ထိုလူမျိုးလည်း အချိန်တန်လျှင် နောက်ကိုပြန်ရောက်မည်မှာ မလွဲပင်။

ဆရာကြီး ပီမိုးနင်းက "သုခချမ်းသာ စိတ်ပညာ" စာအုပ်တွင် "မိမိကိုယ်ကိုအဖိုးဖြတ်ရမည်၊ နည်းနည်းဖြတ်လျှင် နည်းနည်းတန်၏၊ များများဖြတ်လျှင် များများတန်၏။ အဖိုးတန်အောင်နေ၍ တန်သလို အဖိုးဖြတ်ရမည်။ အကြောင်းမူကား လူသည် ပတ္တမြားငမောက်နှင့်တူ၏။ အဖိုးမဖြတ်နိုင်သော သတ္တဝါဖြစ်ရာ အသင်၏ကိုယ်သည် အဖိုးမဖြတ်နိုင်သော လူဖြစ်ကြောင်းကို ပုံသေမှတ်ပါလေ"ဟု ဆိုခဲ့သည်။ လူငယ်များ ကိုယ့်စကားလုံးနှင့် ကိုယ့်ကိုယ်ကိုယ် အဖိုးဖြတ်ကြမည်လား၊ စဉ်းစားစေချင်သည်။

ပြီးတော့ လူငယ်များစိတ်တွင် ယဉ်ကျေးရမည်ကို ရှက်နေခြင်းတစ်ခုရှိသည်။ ထိုသို့ ယဉ်ကျေးရမည်ကို ရှက်နေသူများ၍လားမဆိုနိုင်။ ရိုင်းစိုင်းမှုကို ရဲရဲတင်းတင်းပြောဆိုပြသသူများ များလာခြင်းကလည်း တစ်ဖက်တွင် ထပ်တူသဖွယ်ရှိနေပြန်သည်။ ပြီးတော့ ထိုသူများကပင် ယဉ်ကျေးလွန်းသူများကို ပျော့၊ မိန်းမလျာဟု ထင်လာကြသည်ကို တွေ့ရသည်။

ထို့ကြောင့်ပင်ထင်သည်။ ဆရာကြီး ပီမိုးနင်းက "ကြီးပွားလိုလျှင်" စာအုပ်တွင် "ယဉ်ကျေးဖွယ်ရာခြင်း၊ သိမ်မွေ့နူးညံ့ခြင်းကို စိတ်ပျော့ခြင်း၊ ညံ့ခြင်းဟု အချို့ထင်မှတ်ကြသည်မှာ အမှားကြီးဖြစ်လေသည်။ အကြီးအကျယ်တို့မှာသာမဟုတ်။ အသေးအဖွဲ့ဟူသမျှမှာ ယဉ်ကျေးဖွယ်ရာခြင်းရှိရမည်"ဟု ဆိုခဲ့ခြင်းဖြစ်လိမ့်မည်။

ခေတ်တိုင်းတွင် စကားလုံးအသစ်များ၊ ဗန်းစကားများက ဆန်းပြားစွာပေါ်နေဦးမည်မှာ အမှန်ပင်။ ခေတ်အလိုက်ပေါ်လာသော ဗန်းစကားများကို လူငယ်များ ထမင်းစားသလိုစားသုံးကြမည်မှာလည်းမလွဲ။ သုံးချင်လျှင်သုံးပါ။ သို့သော် အသက်အရွယ်နှင့် နေရာလေးတော့ရွေးပြီး စည်းကလေးထားကာ ဆင်ခြင်သုံးပါဟု ဆိုချင်သည်။

ထို့ပြင် စကားလုံးစားသုံးရသည်ချင်းအတူတူ ကောင်းသောစကားလုံးများသာ စားသုံးပါက ပို၍ကောင်းမည်ဟု လူငယ်များကို မှာကြားချင်သည်။ လူငယ်ဆိုသည်မှာ နောင်တစ်ချိန်၌ တိုင်းပြည်၏ တာဝန်ကို လွှဲပြောင်းယူမည့်သူများဖြစ်၍ ကောင်းသောစကားလုံးများကိုသာ စွဲစွဲမြဲမြဲသုံးစွဲတတ်ပါမှ လူငယ်များအတွက်လည်း အကျိုးရှိ၊ တိုင်းပြည်လည်း ရှေ့ခရီးလှနိုင်မည်ဖြစ်သောကြောင့်ပင်။

ဗုဒ္ဓ ဓမ္မ သံဃ


35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁) ၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂) ၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007

ဆိုင် (၃) ၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040







# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၆၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖောင်းပြင်မြို့နယ်အတွင်း မြေပဲ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ပြည့်စင်ကွင်းကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည့်စင်ကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ချောင်းကျောက်လမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ပြည့်စင်ကွင်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ချောင်းကျောက်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပြည့်စင်ကွင်းကျေးရွာ၌ လမ်းအရှည်ပေ ၁၆၇၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

ခရီးသွားဆောင်းပါး

# မြစ်သားမြို့မှ တောင်ငူမြို့သို့သွားရာ လမ်းတစ်လျှောက်

သက်နိုင်(ပြင်ဦးလွင်)

စာရေးသူတို့မောင်နှမတွေ ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်နဲ့ စုပေါင်းထွက်လာတဲ့ခရီးစဉ်မှာ ကျောက်ဆည်မြို့ရှောင်လမ်းကနေတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ကို ရောက်ရှိလာခဲ့ကြပါပြီ။ ဆက်လက်ပြီး မြစ်သားမြို့ကို သွားရောက်ကြမှာပါ။ မြစ်သားမြို့မှာ ဘုရားဖူးလေ့လာလည်ပတ်ကြအပြီးမှာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကနေ တောင်ငူမြို့ကို ဆက်လက်သွားရောက်ဖို့စီစဉ်ထားကြတယ်။

သီတင်းကျွတ် ဆင်ကပွဲတော်ကာလဖြစ်နေတာကြောင့် ကျောက်ဆည်မြို့ဝန်းကျင်မှာ ယာဉ်တွေ၊ ကားတွေ၊ လူတွေ ရှုပ်ထွေးစည်ကားနေပေမဲ့ လမ်းဟောင်းပေါ်ကိုရောက်လာတာနဲ့ ရှင်းလင်းစပြုလာတာကို တွေ့မြင်နေရတယ်။ ရှင်းလင်းကျယ်ဝန်းတဲ့လမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့ပြီး မကြာခင်မှာ သရက်ပျိုးပင်ဆိုင်လေးတွေကို စတင်တွေ့မြင်လာရပြန်တာကြောင့် ဟံမြင့်မိုရ်ရွာကိုရောက်တော့မှာဖြစ်ကြောင်း သတိထားမိလိုက်တယ်။ သတိထားမိလိုက်တဲ့အတိုင်း အချိန်အနည်းငယ်အတွင်းမှာ ဟံမြင့်မိုရ်ရွာကို ရောက်လာခဲ့ကြတယ်။ ရွာလယ်မှာရှိနေတဲ့လမ်းဆုံမီးပွိုင့်ကို ရောက်တော့ကားပေါ်မှာ မိမိတို့မောင်နှမတွေနဲ့အတူပါလာတဲ့ တူလေးတွေကို ဒီနေရာကနေ ဘယ်ဘက်ကိုချိုးကွေ့မောင်းနှင်သွားမယ်ဆိုရင် ဆင်ခေါင်းတောင်၊ မြို့ကြီးဆည်နဲ့ရွာင်မြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့တွေကို ရောက်ရှိသွားမှာဖြစ်ကြောင်း အသိပညာဗဟုသုတရအောင် ရှင်းလင်းပြောကြားနေရသေးတယ်။ အကြောင်းအရာကိစ္စအမျိုးမျိုးနဲ့ ခရီးတွေသွားလာရတာပဲဖြစ်ဖြစ်၊ အခုလို အလည်အပတ်သဘော၊ အပန်းဖြေခရီးတွေသွားလာရတာပဲဖြစ်ဖြစ် ခရီးသွားရတဲ့အတွေ့အကြုံ၊ အကြားအမြင်၊ လေ့လာမှတ်သားစရာတွေကို သိရှိနားလည်ရအောင်လို့ဖြစ်ပါတယ်။

ဟံမြင့်မိုရ်ရွာကို ဖြတ်သန်းကျော်လွန်လာခဲ့ပြီး မကြာခင်မှာရောက်ရှိလာတဲ့ လက်ညှိုးထိုးလမ်းခွဲကို ရောက်လာကြတဲ့အခါမှာလဲ ရှေ့လမ်းအတိုင်းဆက်သွားရင် ကူမဲ၊ မိတ္ထီလာ၊ ရန်ကုန်စတဲ့မြို့တွေကို ရောက်သွားမှာဖြစ်ကြောင်းနဲ့ ညာဘက်လမ်းအတိုင်း မောင်းနှင်လာမယ်ဆိုရင် မြစ်သား၊ နွားထိုးကြီး၊ မြင်းခြံ၊ ပုဂံ- ညောင်ဦးမြို့တွေရှိရာကို ရောက်ရှိမှာဖြစ်ကြောင်းကို ရှင်းလင်းပြောဆိုရင်းနဲ့ မြစ်သားမြို့ရှိတဲ့ ညာဘက်လမ်းအတိုင်း ချိုးကွေ့မောင်းနှင်လာခဲ့လိုက်တယ်။ လမ်းကအနည်းငယ်ကျဉ်းနေပေမဲ့ ရှင်းလင်းနေတာကြောင့် အေးအေးဆေးဆေး၊ သက်သက်သာသာ မောင်းနှင်လို့ရနေတယ်။ လမ်းဘေးဝဲယာတစ်ခွင်မှာတော့ လယ်ကွင်း၊ လယ်ကွက်ကြီးတွေက တစ်မျှော်တစ်ခေါ် စိမ်းစိမ်းစိုစိုနဲ့ပါ။ ရန်ကုန်- မန္တလေးလမ်းဟောင်း လက်ညှိုးထိုးလမ်းခွဲကနေ မြစ်သားမြို့ထိ ငါးမိုင်လောက်သာ ကွာဝေးနေပါတယ်။ မြို့အဝင်ရောက်အောင် မိနစ်အနည်းငယ်သာ မောင်းနှင်ရမှာပါ။ ဒါကြောင့် ကားပေါ်မှာရှိတဲ့မောင်နှမတွေကို မြစ်သားမြို့ကိုရောက်တော့မယ်၊ မြို့အဝင်ဆိုင်းဘုတ်အနီးမှာ ကြက်သွန်နီဥကြီးတွေကို တွေ့မြင်ကြရလိမ့်မယ်ဆိုပြီး ပြောဆိုထားခဲ့မိတယ်။ ဒါပေမဲ့ မြို့အဝင်ကိုရောက်လာတဲ့အခါ ကြက်သွန်နီအလွန်ထွက်တဲ့ဒေသ၊ မြို့သင်္ကေတအဖြစ်ပြုလုပ်ဖန်တီးပြသထားတဲ့ ကြက်သွန်နီဥကြီးကို မတွေ့မမြင်ရတာကြောင့် မိမိကိုယ်တိုင် ဇဝေဇဝါဖြစ်ခဲ့ရတယ်။ အရင်အခေါက်တွေလာခဲ့တုန်းကရှိနေပါတယ်။ အမှန်တကယ်လဲတွေ့မြင်ခဲ့ရတယ်။ အခုဘာကြောင့် မရှိတော့ပါလိမ့်၊ ဘယ်ရောက်သွားပါလိမ့်လို့ စဉ်းစားရတော့တယ်။ နောက်မှတရေးရေးအဖြေပေါ်ပြီး စဉ်းစားတွေးတောမိတာက အရင်တစ်ခေါက်တွေလာတုန်းက အခုဝင်ရောက်ခဲ့တဲ့ လက်ညှိုးထိုးလမ်းခွဲကနေဝင်ရောက်ခဲ့တာမဟုတ်ဘဲ ရှေ့ခပ်လှမ်းလှမ်းမှာရှိနေတဲ့ လမ်းခွနေရာကနေ ဝင်ရောက်ခဲ့တာပါ။ ရန်ကုန်-မန္တလေးလမ်းဟောင်းကနေ မြစ်သားမြို့ကိုဝင်မယ်ဆိုရင် လက်ညှိုးထိုးလမ်းခွဲနဲ့ လမ်းခွလမ်းဆုံနှစ်နေရာကနေ ဝင်ရောက်သွားလာလို့ရပြီး လမ်းခွလမ်းဆုံကနေဝင်မယ်ဆိုရင် စောစောကပြောတဲ့ မြို့သင်္ကေတကြက်သွန်နီဥကြီးကို မြို့ဝင်ဆိုင်းဘုတ်နဲ့အတူ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

မြို့အဝင်ကိုရောက်တာနဲ့ ကားကိုအရှိန်လျှော့မောင်းလာခဲ့ပြီး မြို့တွင်းကနေတစ်ဆင့် မြစ်သားမြို့ရဲ့ သမိုင်းဝင်ဘုရားတစ်ဆူဖြစ်တဲ့ ရွှေမုဋ္ဌောဘုရားရှိရာကို ဦးတည်လာခဲ့ကြတယ်။ အရင်တစ်ခေါက်လာတုန်းက တစ်ပိုင်းတစ်စခင်းကျင်းဖောက်လုပ်နေတဲ့ မြို့တွင်းကွန်ကရစ်လမ်းမကြီးက အခုလာရောက်တဲ့အချိန်မှာ ပြီးစီးနေတာကို သတိထားမိလိုက်တယ်။ မိမိတို့သွားရောက်နေကြတဲ့ ရွှေမုဋ္ဌောဘုရားက မြို့တွင်းတစ်နေရာ၊ မြို့ရဲ့အချက်အချာကျတဲ့လမ်းမကြီးတစ်ခုဘေးမှာ ကပ်လျက်တည်ရှိနေတာပါ။ သီတင်းကျွတ်လပြည့်နေ့မှာ ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်လေ့ရှိသလို ဒေသထွက်ကုန်တွေနဲ့အခြားလူသုံးကုန်ပစ္စည်းတွေကိုလဲ ပေါပေါများများ၊ ဈေးသက်သက်သာသာနဲ့ဝယ်ယူနိုင်နေတာကို သိရှိထားရတယ်။ မြစ်သားမြို့ရှိရာကို လာရောက်လေ့လာလည်ပတ်ရင်း သီတင်းကျွတ်လပြည့်နေ့၊ ရွှေမုဋ္ဌောဘုရားပွဲကို မိမိကိုယ်တိုင် တိုက်တိုက်ဆိုင်ဆိုင်ကြုံဆုံဆင်နွှဲခဲ့ဖူးတယ်။ အခုတစ်ခေါက်မှာလဲ မောင်နှမတွေနဲ့အတူ ဘုရားဖူး၊ ဘုရားပွဲတော်ကိုလေ့လာလည်ပတ်ကြရင်း အလိုရှိအသုံးတည့်တဲ့ ဒေသထွက်ကုန်လေးတွေကို ဝယ်ယူရအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရောက်ရှိလာခဲ့ကြပြန်ပါပြီ။



ရန်ကုန်-မန္တလေးအမြန်လမ်းတစ်နေရာကို တွေ့ရစဉ် ။

ဒါပေမဲ့ ဘုရားအနီးကို ရောက်ရှိလာတဲ့အခါ ဘုရားပွဲတော်ဈေးတန်းကြီးကို မတွေ့မမြင်ကြရသလို ဘုရားရှေ့ကိုရောက်လာကြတဲ့အခါမှာလဲ ပိတ်ထားတဲ့ တံခါးတွေကိုသာ တွေ့မြင်ကြရတော့တယ်။ ကားရပ်ပြီးအနီးအနားမှာရှိနေတဲ့ ဒေသခံတချို့ကို မေးမြန်းစုံစမ်းကြည့်တော့ ဒီနှစ်ဘုရားပွဲတော်မဖြစ်ဘူးဆိုတာကို သိလိုက်ရတယ်။ မြစ်သားမြို့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ကြပေမဲ့ ဘုရားလဲမဖူးရ၊ ဘုရားပွဲတော်ကိုလဲ ဝင်ရောက်ဆင်နွှဲခွင့်မရတဲ့အဖြစ်နဲ့ ရင်ဆိုင်ကြုံတွေ့ရပါပြီ။ ဘုရားဖူးခွင့်ကိုလဲ ခေတ္တယာယီပိတ်ထားသလို ဘုရားပွဲတော်ကျင်းပပြုလုပ်ခြင်းလဲမရှိပါဘူး။

မြစ်သားမြို့ကို ရှေးမြန်မာမင်းတွေလက်ထက် ပုဂံခေတ်ကတည်းကတည်ထားခဲ့တယ်လို့ မြို့သမိုင်းတွေအရသိရှိထားရတယ်။ ကျောက်စာတွေမှာတော့ "မ္လစ်သာ"ဆိုပြီး ရေးထိုးဖော်ပြလေ့ရှိနေတယ်။ မြို့တည်နှစ်က သက္ကရာဇ် ၁၀၃၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ (မြန်မာနှစ် ၃၉၅ခုနှစ် တပေါင်းလဆန်း ၂ ) ရက်ဖြစ်တာကြောင့် နှစ်ပေါင်းတစ်ထောင်နီးပါးသက်တမ်းရှိနေပါပြီ။ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ကျော်ကာလတုန်းက မိမိကိုယ်တိုင် မြစ်သားမြို့ကို ပထမဦးဆုံးအကြိမ်အဖြစ် အလည်အပတ်ရောက်ရှိခဲ့ဖူးတယ်။ အဲဒီအချိန်တုန်းက နွေရာသီကျောင်းပိတ်ရက်ကာလလဲဖြစ်၊ နေအပူရှိန်ပြင်းထန်ပြီးအလွန်လဲပူအိုက်၊ လေပူလေနွေးတွေကတိုက်၊ ဘယ်နေရာကြည့်ကြည့် ပတ်ဝန်းကျင်တစ်ခွင်လုံးမှာခြောက်ခြောက်သွေ့သွေ့ တိတ်တိတ်ဆိတ်ဆိတ်နဲ့ အလွန်ပျင်းရိငြီးငွေ့စရာ ကောင်းနေခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ အရိပ်ရသစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း၊ မြို့တွင်းမြို့ပြင်နေရာတိုင်းမှာလဲ ဖွံ့ဖွံ့ဖြိုးဖြိုးစည်စည်ကားကားဖြစ်နေပါပြီ။ နွေရာသီကာလမှာတော့ ပထဝီအနေအထားအရ ပူအိုက်နေအုံးမယ်ထင်ပါတယ်။

မိမိတို့ရဲ့ခရီးစဉ်က မြစ်သားမြို့မှာ ဘုရားဖူး၊ လေ့လာလည်ပတ်ကြပြီးရင် ရန်ကုန်-မန္တလေး အမြန်လမ်းကနေတစ်ဆင့် တောင်ငူမြို့ကို ဆက်လက်ထွက်ခွာသွားရောက်ကြဖို့ ဖြစ်ပါတယ်။ အခုမြစ်သားမြို့မှာ ရွှေမုဋ္ဌောဘုရားကလဲပိတ်၊ ဘုရားပွဲကလဲမဖြစ်တာကြောင့် မြို့တွင်းလမ်းမကြီးတစ်လျှောက် ကားပတ်မောင်းလေ့လာကြည့်ရှုခဲ့ပြီး အမြန်လမ်းရှိရာကိုထွက်လာခဲ့ကြရတယ်။ မြစ်သားမြို့နဲ့ အမြန်လမ်းက ၁၃မိုင် ကွာဝေးနေတယ်။ ဆက်သွယ်ဖောက်လုပ်ထားတဲ့လမ်းက ကတ္တရာခင်းလမ်းကောင်းတစ်ခုပါ။ ဒါပေမဲ့ လမ်းတစ်လျှောက်မှာ ရေကျော်လေးတွေကို တွေ့မြင်နေရတယ်။ ပထမစတင်တွေ့ရတဲ့ရေကျော်က ရေနည်းပြီးတိုတောင်းနေပေမဲ့ နောက်ထပ်တွေ့မြင်ဖြတ်သန်းနေရတဲ့ ရေကျော်တွေက ရေများပြီးရှည်လျားနေကြတဲ့အပြင် ရေစီးလဲသန်နေကြတယ်။ မိမိတို့က ကားနဲ့သတိထားပြီးမောင်းနှင်နေရပေမဲ့ ဆိုင်ကယ်လေးတွေကမောင်းနှင်ဖြတ်သန်းလို့မရကြဘဲ ဆင်းပြီးတွန်းနေကြရတာကိုတွေ့မြင်နေရတယ်။ ရေကျော်တွေအားလုံးမှာရှိနေကြတဲ့ရေတွေက ကြည်လင်နေကြလို့လဲ ရေအောက်ကြမ်းပြင်မှာရှိတဲ့ ကတ္တရာလမ်းကို မြင်တွေ့နေရတယ်။ ဒါကြောင့်လဲ အန္တရာယ်ကင်းကင်းနဲ့ မောင်းနှင်ဖြတ်သန်းသွားလာနိုင်ကြတယ်။

မြစ်သားမြို့ကနေ ရေကျော်လေး၊ ငါးခုကို ဖြတ်သန်းလာခဲ့ပြီးမှ ရန်ကုန်-မန္တလေး အမြန်လမ်းရှိရာကိုရောက်လာခဲ့ကြတယ်။ အမြန်လမ်းပေါ်ရောက်တော့ မနက် ၁၀ နာရီ မိနစ် ၃၀ လောက်ရှိနေပါပြီ။ ဒါကြောင့် နေ့လယ်စာထမင်းကို မိတ္ထီလာတိုးဂိတ်ကျော်လွန်ပြီး သင့်တော်တဲ့တစ်နေရာရာမှာ စားသောက်ကြဖို့ စဉ်းစားစီစဉ်ထားလိုက်ကြတယ်။ အစ်မဖြစ်သူတစ်ယောက်က ဥပုသ်ဆောက်တည်ထားတာကြောင့် အချိန်မီရပ်နားစားသောက်ကြဖို့တော့လိုအပ်နေပါတယ်။ ခရီးတွေထွက်ခွာသွားလာကြတဲ့အခါ ဒီလိုထူးခြားတဲ့လူမျိုးတွေပါလာတယ်ဆိုရင် ခွင့်လွှတ်နားလည်ပေးပြီး တတ်နိုင်သမျှ လိုက်လျောကူညီပေးကြတာမျိုးက ခရီးလမ်းအတွက်အကောင်းဆုံးပါ။ ခရီးဖော်တွေအချင်းချင်း သူကြောင့်၊ ငါ့ကြောင့်ဆိုပြီး အပြစ်တွေမြင်နေကြမယ်ဆိုရင် တစ်လမ်းလုံးအဆင်ပြေနိုင်ကြတော့မှာမဟုတ်ပါဘူး။ ခရီးတွေသွားလာကြသူတိုင်း သတိထားဆင်ခြင်ကြရမှာပါ။

မိတ္ထီလာတိုးဂိတ်ကိုကျော်လွန်လာပြီး မကြာခင်လမ်းဘေးသစ်ပင်ရိပ်ကောင်းကောင်းတစ်ခုအောက်မှာကားရပ်ပြီး နေ့လယ်စာစားကြဖို့ပြင်ဆင်ကြတယ်။ နေရာက အရိပ်အာဝါသကောင်းနေသလို တစ်ပေကျော်လောက်ရှိတဲ့ ကျောက်ပြားကြီးတစ်ချပ်ရှိနေတာကြောင့်လဲ ပိုမိုအဆင်ပြေသွားကြတယ်။ နေ့လယ်စာအတွက် ပြင်ဦးလွင်နေအိမ်ကတည်းက ယူဆောင်လာကြတဲ့ သီးစုံထမင်းကြော်နဲ့ကြက်သားကြော်၊ ငါးကြော်၊ လက်ဖက်သုပ်၊ အချဉ်သုပ်တွေပါ။ ဒါ့ပြင် စွန်ရဲအင်းကနေဝယ်ယူလာခဲ့တဲ့ ကြာရွက်လိပ်သုပ်တွေလဲကျန်ရှိနေပါသေးတယ်။ မိမိတို့မောင်နှမတွေ ခရီးရက်ရှည်ထွက်လာကြတဲ့အခါတိုင်း ဒီလိုခရီးစဉ်အစပထမရက်တွေမှာအိမ်ကချက်ပြုတ်ယူဆောင်လာကြတဲ့ ထမင်းဟင်းတွေကိုသာ စားသောက်လေ့ရှိကြသလို အကြော်အလှော်၊ အခြောက်အခြမ်းဟင်းတွေဖြစ်တဲ့အတွက် နောက်ရက်တွေမှာလဲ အလျဉ်းသင့်သလိုစားလို့ရနေပါတယ်။ ထမင်းစားသောက်နေကြရင်း ပတ်ဝန်းကျင်ကို လေ့လာကြည့်တဲ့အခါ ကားလမ်းအောက်ဘက်လှိုလေးအတွင်းမှာ ရေတွင်းတစ်တွင်းရှိနေတာကို တွေ့လိုက်ရတယ်။ ရေတွင်းမှာ ရေပုံးလေးနဲ့၊ ကြိုးလေးနဲ့၊ လက်ရှိအသုံးပြုနေတဲ့တွင်းဖြစ်နေတာကြောင့်စားသောက်ကြအပြီး လက်ဆေးဖို့၊ ချိုင့်တွေဆေးဖို့ အဆင်ပြေသွားခဲ့ရတယ်။

ဒါပေမဲ့ အဆင်မပြေတာတစ်ခုက ခရီးဖော်အဖြစ်အတူပါလာတဲ့ ငါးတန်းကျောင်းသားတူလေးက စားသောက်အပြီးမှာ အိမ်သာသွားချင်တယ်ဆိုပြီး ပြောဆိုတော့တာပါ။ လမ်းဘေးသစ်ပင်အောက်မှာ ကားရပ်ပြီးစားသောက်နေကြတဲ့အတွက် ဒီလိုအရေးအကြောင်းမှာ အခက်အခဲဖြစ်ရပါတယ်။ ကံကောင်းသွားတာတစ်ခုက လမ်းရဲ့တစ်ဖက်အပြန်လမ်းပိုင်း မနီးမဝေးလောက်မှာအိမ်ဆိုင်လေးတစ်ဆိုင်ရှိနေတာကြောင့် အဲဒီဆိုင်ထိသွားပြီး သူ့ရဲ့ကိစ္စကိုဖြေရှင်းပေးလိုက်ရတယ်။ ခရီးတွေထွက်ခွာသွားလာကြမယ်၊ လမ်းဘေးမှာစားသောက်ကြမယ်ဆိုရင် ဒီအချက်ကိုထည့်သွင်းစဉ်းစားကြရတော့မှာပါ။ မောင်နှမတွေအားလုံးအဆင်သင့်ဖြစ်ရင် ရှေ့ခရီးကို ဆက်ကြတော့မှာပါ။ ရောက်ရှိနေတဲ့နေရာကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာပဲရှိ နေပါသေးတယ်။

# လာမဲ့စနေနေ့ည ယှဉ်ပြိုင်ကစားမဲ့ ဥရောပပွဲစဉ်မှာ စပါး၊ ဂီရိုနာ၊ ဂျူဗင်တပ်အသင်းတို့ကို အားပေးရမှာပါ

ML




လက်ရှိအချိန်ကာလဟာ ဥရောပဘောလုံးပြိုင်ပွဲတွေရဲ့ ကာလတစ်လျှောက် ပွဲကျပ်အများဆုံးကာလလို့တောင် သတ်မှတ်ထားရတဲ့ထိ ကလပ်အသင်းတွေအနေနဲ့ပွဲစဉ်တွေ ဆက်တိုက်ကစားနေရပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်နဲ့ ယူရိုပါကွန်းဖရန့်လိဂ်ပွဲတွေဟာ ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒီတစ်ပတ်အမှတ်ပေးပွဲစဉ်တွေအနေနဲ့လဲ ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားနေရတာဖြစ်တာကြောင့် ဥရောပပြိုင်ပွဲဝင်ခွင့်မရဘဲ အနားရနေတဲ့အသင်းတချို့အနေနဲ့ ပွဲပန်းမှုမရှိထားတာကြောင့် ရလဒ်ကောင်းတွေ ရယူတတ်တဲ့ကာလဖြစ်တတ်တာကြောင့်လဲ သတိထားစောင့်ကြည့်ရမှာပါ။ ဒ့ါပြင် လာမဲ့အပတ်မှာ ဥရောပအမှတ်ပေးပွဲစဉ်တွေခေတ္တရပ်နားပြီး နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေလာမှာဖြစ်တာကြောင့် အခုတစ်ပတ်ပြိုင်ပွဲတွေမှာ အမှတ်ပေးဇယားအပြောင်းအလဲတွေဖြစ်ပေါ်လာနိုင်တဲ့ထိ ပွဲစဉ်ရလဒ်တွေ ထွက်ပေါ်လာနိုင်ပါတယ်။ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် အဆင့်(၁)နေရာက အာဆင်နယ်အသင်းအနေနဲ့ နိုင်ပွဲဆက်နေဆဲဖြစ်ပြီး ချန်ပီယံလိဂ်ပွဲစဉ်မှာ ပွဲစဉ်လေးပွဲကစားပြီး လေးပွဲစလုံးအနိုင်ရထားပါတယ်။ ဒ့ါပြင် မန်စီးတီးအသင်းက ဒေ့ါမွန်အသင်းကို လေးဂိုး တစ်ဂိုး၊ နယူးကာဆယ်အသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုးပြတ်၊ လီဗာပူးအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ စပါးအသင်းက ကိုပေဟေဂင်အသင်းကို လေးဂိုးပြတ်နဲ့ အသီးသီးအနိုင်ရရှိထားပြီး ရလဒ်ကောင်းတွေ ပိုင်ဆိုင်ထားကြတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာပဲ ဘာစီလိုနာ၊ ပီအက်စ်ဂျီအသင်းတို့ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်လို့ သူတို့အသင်းတွေအနေနဲ့ ဒီတစ်ပတ်အမှတ်ပေးပြိုင်ပွဲအသီးသီးမှာ ရလဒ်ကောင်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရအုံးမှာပါ။ ဒ့ါကြောင့် အခုတစ်ပတ်မှာ အကြိုက်တွေ့မိတဲ့အသင်းတွေကို ရွေးချယ်သုံးသပ်ပေးလိုက်ရပါတယ်။

## စပါးအသင်း ရလဒ်ကောင်းသွားမှာပါ

ချန်ပီယံလိဂ်ပွဲစဉ်မှာ ဒိန်းမတ်ကလပ် ကိုပေဟေဂင်အသင်းကို တစ်ယောက်လျော့နဲ့ကစားခဲ့ရပေမဲ့ လေးဂိုးပြတ်အနိုင်ရခဲ့တဲ့စပါးအသင်းကတော့ ဒီတစ်ပတ်မှာ မန်ယူအသင်းနဲပရီးမီးယားလိဂ် ပွဲစဉ်(၁၁) အဖြစ် ယှဉ်ပြိုင်ကစားရမှာပါ။ သူတို့အသင်းအနေနဲ့ လက်ရှိ မှာ အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရမှတ် ၁၇ မှတ်နဲ့ ရပ်တည်နေပြီး ပွဲစဉ် ၁၀ ပွဲကစားထားရာမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ သုံးပွဲရှုံးရလဒ်ရရှိထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ် (၁၀)မှာ ချဲလ်ဆီးအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ထားသလို ခါရာဘောင်းဖလား စတုတ္ထအဆင့်မှာလဲ နယူးကာဆယ်အသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲကနေထွက်ခွာခဲ့ရပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲသာအနိုင်ရထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ချန်ပီယံလိဂ်ပွဲစဉ်မှာ ကိုပေဟေဂင်အသင်းကို မူရာနီ၊ အိုဒိုဘတ်၊ ဆီမွန်တို့ရဲ့ခြေစွမ်းပြကစားနိုင်မှုနဲ့အတူ ဂိုးပြတ်နိုင်ပွဲရခဲ့တာကြောင့် ကစားသမားတွေရဲ့စွမ်းဆောင်မှုပိုင်းဆိုင်ရာက အခုအမှတ်ပေးပြိုင်ပွဲမှာ သက်ရောက်မှုရှိလာမှာပါ။ ဒါကြောင့် သူတို့အသင်းအနေနဲ့အခုအိမ်ကွင်းပွဲစဉ်မှာ မန်ယူအသင်းကို အဘက်ဘက်က ဖိအားပေးကစားလာနိုင်စွမ်းရှိပါတယ်။

မန်ယူအသင်းကတော့ ပြီးခဲ့တဲ့ပရီးမီးယားလိဂ်ပွဲစဉ်(၁၀)မှာ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းဆိုးရွားနေတဲ့ နော်တင်ဟမ်အသင်းကို နှစ်ဂိုးစီသရေကစားနိုင်ခဲ့ပြီး ပွဲစဉ်သုံးပွဲဆက်နိုင်ပွဲရရှိမှုကလဲ ရပ်တန့်ခဲ့ရပါတယ်။ အဲဒီပွဲစဉ်မှာဆိုရင် မန်ယူအသင်းအနေနဲ့ အစောပိုင်း ဦးဆောင်ဂိုး တစ်ဂိုးသွင်းယူထားနိုင်ခဲ့ပေမဲ့ နော်တင်ဟမ်အသင်းရဲ့ချေပဂိုးနဲ့ အနိုင်ဂိုးတွေကို ခွင့်ပြုခဲ့ရပြီး ဒုတိယပိုင်းပြီးဆုံးခါနီး ပွဲချိန် ၈၁ မိနစ်မှသာ အာမက်ဒ်ရဲ့သွင်းဂိုးနဲ့နှစ်ဂိုးစီသရေရလဒ်ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ပွဲစဉ် ၁၀ ကစားထားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေနဲ့သုံးပွဲရှုံးရလဒ်ရရှိထားတာကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့အသင်းလိုက် စွမ်းဆောင်ရည်အကောင်းဆုံးအနေအထားလို့ ပြောလို့မရသေးပါဘူး။ ဒ့ါပြင် အခုပွဲစဉ်ဟာ အဝေးကွင်းပွဲစဉ်ဖြစ်တာကြောင့် လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ်တစ်ပွဲသာအနိုင်ရထားတဲ့ သူတို့အသင်းရဲ့ စွမ်းဆောင်ရည်ကြောင့် စပါးအသင်းကို အဘက်ဘက်က ဖိအားပေးကစားနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။

မန်ယူအသင်းအနေနဲ့ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအပါအဝင် စပါးအသင်းနဲ့ နောက်ဆုံးခုနစ်ပွဲကစားထားရာမှာ နိုင်ပွဲမရရှိခဲ့ဘဲ ငါးပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ရရှိထားပါတယ်။ ဒါကြောင့် အခုစပါးအသင်းရဲ့အိမ်ကွင်းပွဲစဉ်မှာလဲ သူတို့အသင်းအနေနဲ့လက်ရှိခြေစွမ်းပိုင်းကြောင့် နိုင်ပွဲရဖို့ ရုန်းကန်ကစားလာမှာပါ။ ဒ့ါပြင် ဒီနှစ်သင်းရဲ့ လက်ရှိစွမ်းဆောင်ရည်ပိုင်းမှာလဲ ကွာဟမှုမရှိတာကြောင့် စပါးအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မိုနာကို | ၀ | - | ၀ | စပါး |
| အဲဗာတန် | ၀ | - | ၃ | စပါး |
| နယူးကာဆယ် | ၂ | - | ၀ | စပါး |
| စပါး | ၀ | - | ၁ | ချဲလ်ဆီး |
| စပါး | ၄ | - | ၀ | ကိုပေဟေဂင် |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | မန်ယူ |
| မန်ယူ | ၂ | - | ၀ | ဆန်းဒါးလန်း |
| လီဗာပူး | ၁ | - | ၂ | မန်ယူ |
| မန်ယူ | ၄ | - | ၂ | ဘရိုက်တန် |
| နော်တင်ဟမ် | ၂ | - | ၂ | မန်ယူ |

## ဂီရိုနာအသင်းကို အားပေးရမှာပါ

ဂီရိုနာအသင်းနဲ့ အလာဗက်စ်အသင်းတို့ကတော့ လာလီဂါပွဲစဉ်(၁၂) အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဂီရိုနာအသင်းအနေနဲ့ ပွဲစဉ် ၁၁ ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ပြီးခဲ့တဲ့ ဘောလုံးရာသီကလို ခြေစွမ်းပိုင်းမာကျောမှုမရှိတော့ဘဲ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ပိုင်းအနေနဲ့ကလဲ အဆိုးရွားဆုံးဖြစ်နေတယ်လို့ဆိုရမှာပါ။ ဂီရိုနာအသင်းဟာ လာလီဂါ နောက်ဆုံးပွဲစဉ်သုံးပွဲမှာ ဘာစီလိုနာအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ကာ တန်းတက်အိုဗီဒို အသင်းကို သုံးဂိုးစီသရေနဲ့ ဂီတာဖေးအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ လာလီဂါပွဲစဉ်တစ်ပွဲသာ အနိုင်ရရှိထားတဲ့အထိ ရလဒ်ပိုင်းဆိုးရွားနေသလို အဲဒီနိုင်ပွဲဟာလဲ အိမ်ကွင်းပွဲစဉ်ပဲဖြစ်နေပါတယ်။ ဒ့ါပြင် လက်ရှိ ခံစစ်ပိုင်းအနေနဲ့လဲ ၂၄ ဂိုးပေးထားရပြီး လာလီဂါမှာ ပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နည်းပြ မီချယ်အနေနဲ့ခံစစ်ပိုင်းကို အကောင်းဆုံးပြင်ဆင်လာပြီး အလာဗက်စ် အသင်းကို တုံ့ပြန်ကစားလာနိုင်ပါတယ်။

အလာဗက်စ်အသင်းကတော့ ပြိုင်ပွဲစုံနောက်ဆုံးပွဲစဉ်ငါးပွဲမှာ ဗယ်လ်ကာနိုအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပြီး တစ်ပွဲသရေ သုံးပွဲအနိုင်ရထားကာ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပွဲစဉ် ၁၁ ပွဲယှဉ်ပြိုင်ကစားထားကာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်ရရှိထားသလို နောက်ဆုံးနှစ်ပွဲဖြစ်တဲ့ ကိုပါဒယ်ရေးဖလားပထမဆင့်မှာ အောက်တန်းကလပ် ဂတ်ဖိုအသင်းကို ခုနစ်ဂိုးပြတ်၊ အက်စ်ပန်ညိုအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရထားတာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအကောင်းဆုံးအနေအထားရှိနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အလာဗက်စ်အသင်းဟာ ဒီရာသီ အဝေးကွင်းပွဲစဉ်မှာ တစ်ပွဲသာအနိုင်ရထားပြီး တစ်ပွဲသရေသုံးပွဲရှုံးရလဒ်ရရှိထားတာကြောင့် ဖိအားများနေတဲ့ ဂီရိုနာအသင်းရဲ့ အိမ်ကွင်းပွဲစဉ်မှာ တော့ရလဒ်ကောင်းအောင် ကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရအုံးမှာပါ။ ဒ့ါပြင် သူတို့နှစ်သင်းရဲ့တွေ့ဆုံမှုတိုင်းမှာလဲ အလာဗက်စ်အသင်းအနေနဲ့ ခက်ခက်ခဲခဲရုန်းကန်ကစားခဲ့ရတာဖြစ်လို့ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ ဂီရိုနာအသင်းကိုပဲ အားပေးရမှာပါ။

### ဂီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂီရိုနာ | ၂ | - | ၁ | ဗလင်စီယာ |
| ဘာစီလိုနာ | ၂ | - | ၁ | ဂီရိုနာ |
| ဂီရိုနာ | ၃ | - | ၃ | အိုဗီဒို |
| ကွန်စတန်စီယာ | ၂ | - | ၃ | ဂီရိုနာ |
| ဂီတာဖေး | ၂ | - | ၁ | ဂီရိုနာ |

### အလာဗတ်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက်စ် | ၃ | - | ၁ | အယ်ချီ |
| အလာဗက်စ် | ၀ | - | ၀ | ဗလင်စီယာ |
| ဗယ်လ်ကာနို | ၁ | - | ၀ | အလာဗက်စ် |
| ဂတ်ဖို | ၀ | - | ၄ | အလာဗက်စ် |
| အလာဗက်စ် | ၂ | - | ၁ | အက်စ်ပန်ညို |

## ဂျူဗင်တပ်အသင်း နိုင်ပွဲဆက်နေအုံးမှာပါ

ဂျူဗင်တပ်အသင်းအနေနဲ့ တိုရီနိုအသင်းကို အီတလီစီးရီးအေပွဲစဉ်(၁၁)အဖြစ် အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပွဲစဉ်(၉)မတိုင်မီ ပြိုင်ပွဲစုံ နောက်ဆုံးရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ထိ ခြေစွမ်းပိုင်းကျဆင်းခဲ့ပြီး ပြီးခဲ့တဲ့ ပွဲစဉ်သုံးပွဲမှာတော့ အူဒီးနီးစ်အသင်းကို သုံးဂိုး တစ်ဂိုး၊ ခရီမိုနန်ဆီအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာပါ။ ဒ့ါပြင် ဂျူဗင်တပ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ကြားရက် ချန်ပီယံလိဂ်ပွဲစဉ်မှာ ပေါ်တူဂီကလပ် စပို့တင်းအသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့တာကြောင့် အသင်းရဲ့ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာခဲ့ပြီလို့ဆိုရမှာပါ။ အသင်းရဲ့ရလဒ်ပိုင်းဆိုးရွားခဲ့တဲ့အချိန်မှာ နည်းပြတူဒေါကိုထုတ်ပယ်ခဲ့ပြီး နည်းပြစပယ်လက်တီကို အစားထိုးခန့်အပ်ခဲ့တာဖြစ်လို့ အခုလို အသင်းရဲ့ရလဒ်ပိုင်းတွေ ပြန်လည်ကောင်းမွန်လာတယ်လို့ဆိုရမှာပါ။ ဝါရင့်နည်းပြစပယ်လက်တီအနေနဲ့လဲ အသင်းကို ခံစစ်၊ တိုက်စစ်ပိုင်းပြန်လည်ပြုပြင်လာနိုင်တာကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ တိုရီနိုအသင်းကို ဖိအားပေးကစားလာအုံးမှာပါ။

တိုရီနိုအသင်းကတော့ စီးရီးအေပွဲစဉ် ၁၀ ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ စီးရီးအေနောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေကျထားတယ်ဆိုပေမဲ့ အသင်းရဲ့လက်ရှိစွမ်းဆောင်ရည်ပိုင်းကတော့ ပုံမှန်စွမ်းဆောင်ထားနိုင်ခြင်းမရှိသေးပါဘူး။ ဒ့ါပြင် တိုရီနိုအသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ် ငါးပွဲယှဉ်ပြိုင်ကစားထားပြီး တစ်ပွဲသာအနိုင်ရထားကာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိထားတာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း ရုန်းကန်နေတယ်လို့ဆိုရမှာပါ။ ဒ့ါပြင် ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင်လဲ တန်းတက်ပီဆာအသင်းကို နှစ်ဂိုးစီသရေရလဒ်ရရှိဖို့ နောက်ကလိုက်ကစားခဲ့ရသလို ကစားသမားတွေရဲ့စွမ်းဆောင်မှုအပိုင်းမှာ ကျဆင်းခဲ့တာကြောင့် ပီဆာလိုအသင်းရဲ့ဖိအားပေးမှုကို ခံခဲ့ရတာတွေ့ရပါတယ်။

ဒီနှစ်သင်းရဲ့လက်ရှိခြေစွမ်းပိုင်းနဲ့ စွမ်းဆောင်ရည်ပိုင်းမှာ ဂျူဗင်တပ်အသင်းက အသာရနေတာကြောင့် တိုရီနိုအသင်းကို ဖိအားပေးကစားလာအုံးမှာပါ။ ဒ့ါပြင် ဂျူဗင်တပ်အသင်းရဲ့အိမ်ကွင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှာလဲ တိုရီနိုအသင်းကို သုံးပွဲစလုံး ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်မှာ ဂျူဗင်တပ်အသင်း နိုင်ပွဲဆက်နေအုံးမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ဂျူဗင်တပ် |
| လာဇီယို | ၁ | - | ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၃ | - | ၁ | အူဒီးနီးစ် |
| ခရီမိုနန်ဆီ | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၁ | စပို့တင်း |

### တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လာဇီယို | ၃ | - | ၃ | တိုရီနို |
| တိုရီနို | ၁ | - | ၀ | နာပိုလီ |
| တိုရီနို | ၂ | - | ၁ | ဂျီနိုအာ |
| ဘိုလော့ဂ်နာ | ၀ | - | ၀ | တိုရီနို |
| တိုရီနို | ၂ | - | ၂ | ပီဆာ |

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မသီရိမွန်၏ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းလွင် ဖြစ်ပါကြောင်း။

**ဦးအောင်ထွန်းလွင်(၈/မကန(နိုင်)၁၆၅၇၅၁)**

## ပျောက်ဆုံးကြောင်း

သီပေါမြို့၊ ကုန်းညောင်ရွာနေ မောင်သက်ဝင်းအောင် (ဘ) ဦးစိုင်းရီ(၁၃/သပန(နိုင်)၁၀၇၄၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–453500453**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ဇညကမ္ဘော၈၊ အမှတ်(၁၈) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော မောင်အောင်ကောင်းသန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်ဖြစ်ပါကြောင်း။ **ဦးဇော်(၅/ဝလန(နိုင်)၁၀၂၈၂၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ ပလောင်စုကျေးရွာ၊ စွမ်စော်ရပ်ကွက်နေ (ဘ) ဦးလောလု၏သား တုံးကြာဖူ (ခ) ကျန်ကြာဖူသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**တုံးကြာဖူ (ခ) ကျန်ကြာဖူ**
**(၁၃/ကခန(နိုင်)၀၅၄၂၁၁)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်းကြေညက်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကျရောက်လာသည့် အချိန်တွင် ယခုကဲ့သို့ "We are Strong , We are Together"ဟူသည့် စိတ်သဘောထား ခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန် တိုက်တွန်းပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော တောင်ခမ်းမြို့၊ နောင်ချိုမြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် အဆိုပါဒေသတစ်ဝိုက်တို့ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရွပ်ရွပ်ချံချံတိုက်ပွဲဝင်၍ အဆိုပါမြို့များကို ဒေသခံပြည်သူများ၏လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား နိုဝင်ဘာ ၅ ရက် နေ့လယ်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက သီပေါမြို့နယ်၊ မန်လီကျေးရွာရှိ နယ်မြေခံတပ်၌ ကြိုဆိုဂုဏ်ပြုကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု

အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြစဉ်။

## ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲကျန်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

စာမျက်နှာ - ၉



